ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (31-10-2007) (၄၄၈၇)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မန္တလေးမြို့ မဏိရတနာရာမ မြတောင်ကျောင်းတိုက်သို့ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီးမိသားစု ဆေးပဒေသာပင်လှူဒါန်းခြင်းနှင့် ဆွမ်းကပ်တရားတော်နာအခမ်းအနား တက်ရောက်ကြည်ညို

နေပြည်တော်　　အောက်တိုဘာ　　၃၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ယမန်နေ့ နံနက် ၉ နာရီခွဲတွင် မန္တလေးတိုင်း မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မဏိရတနာရာမ မြတောင်ကျောင်းတိုက် နှစ်(၁၀၀)ပြည့် ဗိမာန်တော်ကြီး၌ကျင်းပသော မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်း မိသားစုတို့၏ ဆေးပဒေသာပင်လှူဒါန်းခြင်းနှင့် ဆွမ်းကပ်တရားတော်နာ အခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❀

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဧည့်ပရိသတ်များ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်းမိသားစုတို့၏ ဆေးပဒေသာပင် လှူဒါန်းခြင်းနှင့် ဆွမ်းကပ်တရားတော်နာ အခမ်းအနားတွင် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။** (အပေါ်ပုံ) (သတင်းစဉ်)

# မြန်မာအင်ဂျင်နီယာတို့၏ အတတ်ပညာစွမ်းပကားဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းတည်ဆောက်ခဲ့သော ဒဂုံတံတားကြီး

**"နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများကို ဖြန့်ကြက်ဖော်ဆောင်ပေးလျက်ရှိရာတွင် တစ်နိုင်ငံလုံး ကွာဟမှုနည်းပါးအောင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် များစွာအရေးပါသော မြစ်ကူး၊ ချောင်းကူး တံတားကြီးငယ်များစွာကို တည်ဆောက်ပေးလျက်ရှိပြီး မကြာမီက ဖွင့်လှစ်ပေးခဲ့သည့် ဒဂုံတံတားကြီးအပါအဝင် ပေ ၁၀၀ အထက် တံတားကြီး ၂၂၈ စင်းကို တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်"**

**သောင်းဝင်းဗိုလ်၏ (သတင်းဆောင်းပါး) စာမျက်နှာ-၈၊၉၊၁၀**



**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ
The Mirror
၃၁–၁၀–၂၀၀၇
(ဗုဒ္ဓဟူးနေ့)

# ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေး ဆက်လက်ထိန်းသိမ်း စောင့်ရှောက်

အပင်၊ သားငှက် တိရစ္ဆာန်မျိုးစုံ၊ အပူပိုင်းသစ်တော၊ တောင်ပေါ်သစ်တော၊ အင်တိုင်းတောနှင့် ဒီရေတောစသည့် သဘာဝအနေအထား အမျိုးမျိုးတို့သည် ဇီဝမျိုးစုံမျိုးကွဲများဖြစ်သည်။ ကမ္ဘာပေါ်တွင် ပိုးမွှား အပါအဝင် သားငှက်တိရစ္ဆာန် မျိုးစိတ်ပေါင်း တစ်သန်းကျော်ရှိသည်။

မြန်မာနိုင်ငံသည် အာရှတိုက်ရှိ ဇီဝမျိုးစုံမျိုးကွဲ အကြွယ်ဝဆုံး နိုင်ငံများတွင် ပါဝင်သည်။ ဇီဝမျိုးကွဲ လေ့လာတွေ့ရှိမှုမှတ်တမ်းများအရ ပန်းပင်မျိုးပေါင်း တစ်သောင်းကျော်၊ သစ်ခွမျိုးပေါင်းရှစ်ရာကျော်၊ လိပ်ပြာမျိုးပေါင်း တစ်ထောင်ကျော်၊ လင်းနို့မျိုးပေါင်း ကိုးဆယ်ကျော်နှင့် ငှက်မျိုးပေါင်း တစ်ထောင်ကျော်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ မြောက်ဖျားဒေသရှိ ရေခဲတောင်များ၊ အလယ်ပိုင်းရိုးမသစ်တောများနှင့် တောင်ဘက်ပင်လယ်ဒေသများအထိ သဘာဝသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲစုံလင်စွာ တွေ့ရှိနိုင်သည်။ နိုင်ငံ၏ပထဝီအနေအထား၊ တောတောင်ရေမြေ သဘာဝသစ်တောများ ဖြစ်တည်နေမှုသည် သားရဲတိရစ္ဆာန်၊ ငှက်များနှင့် ပန်းမျိုးစုံ၊ ရေထွက်သယံဇာတ မျိုးစုံကြွယ်ဝမှုကို အထောက်အကူပြုလျက်ရှိသည်။

တစ်ဖက်မှ တိုးတက်ဖြစ်ထွန်းလာသော မြို့ပြဖွံ့ဖြိုးမှုနှင့်အတူ သစ်တောထွက်ပစ္စည်းများ အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်း၊ သဘာဝသစ်တောများကို တောင်ယာခုတ်၍ စိုက်ခင်းများ ပြုလုပ်ခြင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းခြင်းတို့ကြောင့်လည်း ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရေး ထိခိုက်စေနိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်ရန် အလားအလာရှိသည့် ဇီဝမျိုးစိတ် ၁၄၄ မျိုးအနက် ကိုးမျိုးမှာ မြန်မာနိုင်ငံတွင်သာ ရှိနိုင်ကြောင်း သိရသည်။ ဟူးကောင်းချိုင့်ဝှမ်း၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ရွှေစက်တော်ဘေးမဲ့တော၊ အင်းလေးကန်ဘေးမဲ့တော၊ အင်းတော်ကြီးအိုင်ဘေးမဲ့တောနှင့် မိုးယွန်းကြီးအင်းဘေးမဲ့တော စသည်တို့သည် သားငှက်တိရစ္ဆာန်နှင့် ဇီဝမျိုးကွဲများစွာ တွေ့ရှိနိုင်သော နယ်မြေဒေသများဖြစ်သည်။

ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေးသည် လူသားမျိုးဆက်များအတွက် အရေးပါသောလုပ်ငန်းဖြစ်ရာ ပြည်သူတစ်ရပ်လုံးက မိမိတို့ဒေသအလိုက် သဘာဝသစ်တောများ၊ ရှားပါးတိရစ္ဆာန်များ၊ ငှက်အမျိုးမျိုးနှင့် ပန်းမန်များအား ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝမှု ရေရှည်တည်တံ့နေမည် ဖြစ်ပါသည်။ ။



ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်း ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာ–အောင်မြေဗောဓိ မဟာဗောဓိစေတီတော်မြတ်ပုံစံတူ တည်ဆောက်ဆဲဖြစ်သော မဟာဗောဓိစေတီတော်အတွက် ဒေါ်ပြုံးကြည် **B.Ed** (အထပြ–ငြိမ်း) ပြွန်တန်ဆာမြို့အား ရည်စူး၍ ပြွန်တန်ဆာမြို့နေ ဦးလှမြင့်(သီရိရတနာရွှေဆိုင်)၊သမီး မသီရိရတနာမြင့် မြို့မ(၂) မင်းလမ်းမိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ကို အမှူးဆောင်ဆရာတော် အရှင်စာရိတ္တ **(Ph.D) (Thesis)** (ဗုဒ္ဓဂယာ) ရှေ့မှောက်၌ တာဝန်ခံ **Dr.**အေးအေးမာထံသို့ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့် တောင်ကြီးမြို့ရှိ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက် ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃၀

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့သည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၇ ရက် ညနေ ၃ နာရီတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်(တောင်ကြီး)သို့ ရောက်ရှိပြီး ပြတိုက်အတွင်းရှိ ဦးတည်ချက်(၁၂)ရပ်ပြခန်း၊ တိုင်းကျိုးပြည်ပြုပြခန်း၊ ပန်းချီပြခန်း၊ တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုပြခန်းတို့ကို အသေးစိတ် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူတို့အား မှာကြားသည်။**



**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်တို့ တောင်ကြီးမြို့ရှိ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်(တောင်ကြီး)တွင် ကြည့်ရှုစစ်ဆေးစဉ်။** (ယဉ်ကျေးမှု)

ယင်းနောက် ဝန်ကြီးသည် ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက် (တောင်ကြီး)ရှိ ဝန်ထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် ဒို့တာဝန်အရေး(၃)သုံးပါးကို ဦးထိပ်ထားပြီး ဦးတည်ချက် (၁၂)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်အဖြစ် ခံယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့ဌာန တိုးတက်ရာတိုးတက်ကြောင်းကို အစဉ်အမြဲ တွေးတောကြံဆ၍ အဆင့်ဆင့် တင်ပြဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ အစဉ်အမြဲ သွက်လက်ထက်မြက်နေမည် ဖြစ်ကြောင်း၊ မိမိတို့ဌာန၏ ရည်မှန်းချက်တာဝန်ကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စု စိတ်ဓာတ်ကိုသာ ဦးတည် ဖော်ဆောင်ရန်လိုကြောင်း စသည်ဖြင့် မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)




**ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၅) ရပ်ကွက် ဟံသာရိပ်မွန်အိမ်ရာနေ ဦးအောင်ဇော်နိုင်–ဒေါ်သီတာအေး မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ငွေကျပ်သုံးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးတော်ဆောင်စာရင်းစစ် ဦးဝင်းထိန် လက်ခံယူစဉ်။** (က–ပ)

# ကျိုက္ကလော့ အမေ့မေတ္တာ စာမူပြိုင်ပွဲ

**ရန်ကုန် အောက်တိုဘာ ၃၀**

၂၀၀၇ ခုနှစ် ကျိုက္ကလော့ အမေ့မေတ္တာစာမူ ပြိုင်ပွဲကျင်းပခဲ့ရာ ဝတ္ထုတိုဆုရရှိသူများမှာ လဝန်းခင် (ပထမ)၊ ကျွန်းခင်မြေစောခက် (ဒုတိယ)၊ နော်လီကို(မကွေး) (တတိယ)၊ ထင်လင်းဇော်(စတုတ္ထ)၊ နှင်းပွင့် (ပဉ္စမ) ရရှိကြပြီး မနွယ် (ကလော) ၊ ကောင်းမြတ်ငြိမ်း၊ ဇေယျာဝံသ၊ နှင်းသစ္စာကျော် (ပညာ/လေ့ကျင့်)၊ ကံမြင့်သော်၊ သိုက်ဖွားထွန်းထွန်း၊ မောင်နန်းတင့် (ပန်းတနော်)၊ လွင်ဘိုဘိုအောင်၊ မောင်ယဉ်ညိုနှင့် စောစန္ဒီဆွေတို့က အထူးဆုများ အသီးသီး ရရှိကြသည်။

ကျိုက္ကလော့ အမေ့မေတ္တာစာမူဆုဆုပေးပွဲကို ၁၃၆၉ ခုနှစ် တပေါင်းလပြည့်နေ့ ည ၇ နာရီတွင် မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော့ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အသေးစိတ် သိလိုပါက ဖုန်း–၆၃၅၆၃၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)



**လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ (ရွှေသိင်္ဂီရတနာခမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ အဖ ဦးလှ–အမိ ဒေါ်မမ၊ အစ်ကို၊ အစ်မများကို ရည်စူး၍ မင်္ဂလာဒုံမြို့နယ် အနန်းပင်တောင်ပိုင်း အနော်ရထာလမ်းနေ ဒေါ်ကြည်ကြည်မြင့် ကျောင်းဆရာမ(ငြိမ်း) (မိတ္ထီလာ)က ငွေကျပ်တစ်သိန်း လှူဒါန်းရာ အမှုဆောင် ဦးဘသန်း လက်ခံရယူစဉ်။** (က–ပ)



**မူဆယ်ခရိုင် ကြူကုတ်(ပန်ဆိုင်း)မြို့ ရွှေစင်တိုးကုမ္ပဏီ ဦးဟော်ချစ်ရင် ဇနီးဒေါ်အေးရီ မိသားစုက နန်တောင်းကျေးလက်ဆေးပေးခန်းသို့ ငွေကျပ် ၁၀သိန်းဖိုးရှိ ရေခဲသေတ္တာ၊ ဆေးနှင့် ဆေးပစ္စည်းများကို အောက်တိုဘာ ၂၀ ရက်က လှူဒါန်းရာ တိုက်နယ်ဆရာဝန် ဒေါက်တာကိုကိုနှင့် သူနာပြုဆရာမကြီး ဒေါ်ယိမ်းထန်တို့ လက်ခံယူစဉ်။** (က–ပ)

# ဝေဠုဝန်အိမ်ရာသစ် ကထိန်သင်္ကန်းဆက်ကပ်မည်

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဝေဠုဝန်အိမ်ရာသစ် တိုက်အမှတ်(၄)၊ (၅)၊ (၆) မိသားစုများ၏ (၁၂)ကြိမ်မြောက် ဘုံကထိန်ပွဲတော်ကို နိုဝင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဝေဠုဝန်လမ်းကျယ်ရှိ ရတနာဘုံကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေနှင့် လှူဖွယ်ပစ္စည်း လှူဒါန်းလိုသူများသည် တိုက် (၄) ဦးမြင့်သိန်း (တက္ကသိုလ်–မောင်မြင့်သိန်း)၊ ဦးဝင်းကြည်၊ တိုက်(၅) ဦးသိန်းဇော်နှင့် ဦးခင်ညို၊ တိုက် (၆) ဦးရဲအောင်၊ ဦးအောင်သန်းနှင့် ဦးမြင့်လွင်တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က–ပ)

❀ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သာသနာဘိဝံသ၊ ဇမ္ဗူအေးစာချကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နာဂိန္ဒာဘိဝံသ၊ ရတနာသိဒ္ဓိကျောင်းဆရာတော် ဘဒ္ဒန္တ ဝေပုလ္လ၊ သာယာဝင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သာဂရာဘိဝံသ၊ ပဒေသာ ရွှေကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ရာဇိန္ဒာဘိဝံသတို့ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး ဒေါ်ခင်ပြုံးဝင်း မိသားစု၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်နှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဒါယကာ၊ ဒါယိကာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သာသနာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများနှင့် ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ပရိသတ်တို့က မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သာသနာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်မြတ်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သာသနာဘိဝံသထံ သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အလှူရှင် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်းတို့က မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက် ရွှေဝါဝင်းကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ သာသနာဘိဝံသထံ သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်းမိသားစုတို့၏ ဆေးပဒေသာပင် လှူဒါန်းခြင်းနှင့် ဆွမ်းကပ်တရားတော်နာ အခမ်းအနားတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်လက်၍ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီးတို့က ရတနာသိဒ္ဓိကျောင်းဆရာတော် ဘဒ္ဒန္တ ဝေပုလ္လထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဏိရတနာရာမ မြတောင်တိုက် ဓိဝိတဒါန သံဃာ့ဆေးခန်းအတွက် ဆေးပဒေသာပင် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲကိုကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်း မိသားစုတို့က ဆေးပဒေသာပင် အလှူတော်ငွေကို ပေးအပ်လှူဒါန်းကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လက်ခံကာ ရွှေဝါဝင်းကျောင်းဆရာတော်က ဂုဏ်ပြုလွှာကို ပြန်လည်ချီးမြှင့်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး၊ မန္တလေးမြို့တော်ဝန်နှင့် ဧည့်ပရိသတ်တို့က မန္တလေးတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မြတောင်တိုက် ရွှေဝါဝင်းကျောင်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တသာသနာဘိဝံသထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ နံနက် ၁၀နာရီတွင် အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု” သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်း၊မန္တလေးမြို့တော်ဝန်နှင့်ဇနီးတို့က ဆရာတော်ကြီးများနှင့် သံဃာတော်အပါး ၇၀ တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

## သီတင်းကျွတ်လ တရားစခန်းပွဲ

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁၆)ရပ်ကွက် မြို့ဦးစေတီ ဘူတာရုံဓမ္မရိပ်သာကျောင်းတိုက်၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက ဆရာတော် အရှင်သုဇာတ(စမ်းချောင်း)သည် (သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်) နိုဝင်ဘာ ၅ရက် (တနင်္လာနေ့)မှ စ၍ (သီတင်းကျွတ်လကွယ်) နိုဝင်ဘာ ၉ ရက် (သောကြာနေ့)အထိ မိုးကုတ်ဝိပဿနာတရားစခန်း ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားစခန်းဝင် ယောဂီများ ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

## ကိုရီးယားဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ကင်ဆုပ်ချိုအား ခန့်အပ်ရန် သဘောတူ

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာကင်ဆုပ်ချိုအား ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ကင်ဆုပ်ချိုသည် ၁၉၅၅ ခုနှစ် မေ ၈ ရက်တွင် မွေးဖွားခဲ့ပြီး ပြုံယမ်းနိုင်ငံခြားဘာသာတက္ကသိုလ်မှ ဘွဲ့ရရှိခဲ့သည်။ မစ္စတာကင်ဆုပ်ချိုသည် ၁၉၇၇ ခုနှစ်မှ စတင်ကာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားယဉ်ကျေးမှုဆက်ဆံရေးကော်မတီတွင် အရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ရောက်ရှိကာ အဆင့်အသီးသီးဖြင့် တာဝန်များ ထမ်းဆောင်ခဲ့သည်။ ၂၀၀၄ ခုနှစ်မှစတင်ကာ ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှနှင့်ပစိဖိတ် ဦးစီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာကင်ဆုပ်ချိုသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားတစ်ဦးရှိသည်။ (သတင်းစဉ်)

## ၂၀၀၇ ခုနှစ် (၈၇)နှစ်မြောက် အမျိုးသားနေ့ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

၂၀၀၇ခုနှစ် (၈၇)နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေး ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ (၈၇)နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း၊ အမျိုးသားနေ့ ကျင်းပရေး ဗဟိုကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၈၇)နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကား ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး(၁) အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်က ၂၀၀၆ ခုနှစ် (၈၆)နှစ်မြောက် အမျိုးသားနေ့ အခမ်းအနား ကျင်းပပြီးစီးမှု အစီရင်ခံစာနှင့် ဗဟိုကော်မတီ အတွင်းရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက ၂၀၀၇ခုနှစ် (၈၇)နှစ်မြောက် အမျိုးသားနေ့အခမ်းအနား ကျင်းပရေးစီမံချက်တို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့်ဗဟိုကော်မတီဝင်များက (၈၇)နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေးစီမံချက်ပါ လုပ်ငန်းရပ်များကို ကဏ္ဍအလိုက်အသီးသီး ဆွေးနွေးညှိနှိုင်းကြသည်။

ယင်းနောက် ၂၀၀၇ ခုနှစ် (၈၇)နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



(၈၇)နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ၂၀၀၇ ခုနှစ် (၈၇)နှစ်မြောက် အမျိုးသားနေ့ ကျင်းပရေးဗဟိုကော်မတီ ပထမ အကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## မူးယစ်ဆေး ပြန်လည်သုံးစွဲခြင်းမှ ကာကွယ်ရေးဆိုင်ရာ သင်တန်းဖွင့်လှစ်

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို) ကြီးကြပ်မှု၊ 3D Fund ပံ့ပိုးမှုဖြင့် UNODC က စီစဉ်၍ လူငယ့်အားမာန်အဖွဲ့မှ ဦးစီးကာ “အပြုအမူ ပြောင်းလဲခြင်းနှင့် မူးယစ်ဆေး ပြန်လည်သုံးစွဲခြင်းမှ ကာကွယ်ရေးဆိုင်ရာ” သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၇ရက်က ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မူးယစ်ဆေးစွဲမှု နှစ်သိမ့် ဆွေးနွေးရေး သင်တန်းဌာနအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း (ဗဟို)မှ နာယကကြီးများ၊ အတွင်းရေးမှူးနှင့် အမှုဆောင်များ၊ အဖွဲ့ဝင်များ၊ လူငယ့်အားမာန်အဖွဲ့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများဖြစ်ကြသော လူငယ့်အားမာန်အဖွဲ့ဝင်(မူးယစ်ဆေးပြတ်ပြီးသူများ)၊ ရန်ကုန်မှ ၂၄ဦး၊ မန္တလေးမှ ခြောက်ဦး၊ လားရှိုးမှ သုံးဦး၊ မူဆယ်မှ သုံးဦး စုစုပေါင်း ၃၆ဦးနှင့် လေ့လာသူအဖြစ် မူးယစ်ကြီးကြပ်ရေးမှူးအသင်းမှ တစ်ဦးနှင့် OASISမှ တစ်ဦးတို့လည်း တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ဗဟို) အလုပ်အမှုဆောင် ဒေါ်လှကြည်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ရဲမှူးလိန်ဟုန်း(ငြိမ်း) (လူငယ့်အားမာန်အဖွဲ့ 3D Fund Project Manager) က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းနှင့် သင်တန်း၏ လုပ်ငန်းစဉ်အဆင့်ဆင့်ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)** သင်တန်းကာလမှာ အောက်တိုဘာ ၂၇ရက်မှ အောက်တိုဘာ ၃၁ ရက်အထိဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)



## မူးယစ်ကိုပစ်
## ပန်းတိုင်သစ်
## စိတ်သစ်လူသစ်
## ဘဝသစ်

# တရုတ်-အာဆီယံ အမျိုးသမီး လေ့ကျင့်ရေးဗဟိုဌာန ဖွင့်လှစ်

နန်နင်း အောက်တိုဘာ ၃၀

**တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွမ်စီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ နန်နင်းမြို့တွင် အမျိုးသမီးလေ့ကျင့်ရေးဗဟိုဌာနကို တရုတ်နှင့်အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)တို့က ပူးတွဲဖွင့်လှစ်လိုက်ကြောင်း စနေနေ့က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။**

လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ အမျိုးသမီးများ ပါဝင်လှုပ်ရှားနိုင်စွမ်း မြှင့်တင်ပေးနိုင်ရန် အမျိုးသမီးလေ့ကျင့်ရေး ဗဟိုဌာနကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း နိုင်ငံတော်ကောင်စီအောက်ရှိ ကလေးများနှင့် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ဟွမ်ကျင့်ယီက ပြောကြားသည်။

တရုတ်နှင့်အာဆီယံတို့သည် အမျိုးသမီးကဏ္ဍ အပြန်အလှန် ဖလှယ်မှုများ မြှင့်တင်နိုင်ရန် ၂၀၀၆ ခုနှစ်တွင် သဘောတူညီခဲ့ကြပြီးနောက် ယင်းဗဟိုဌာနကို ဖွင့်လှစ်ခြင်းဖြစ်သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***



**တရုတ်နိုင်ငံ ဇီချမ်အာကာသစခန်းမှ လကမ္ဘာလေ့လာရေးယာဉ်ကို လောင်းမတ်ချ်-၃ ဒုံးပျံဖြင့် အောက်တိုဘာ ၂၄ ရက်က လွှတ်တင်လိုက်စဉ်။**

*(ဓာတ်ပုံ-ဆင်ဟွာ)*

## ရထားသံလမ်းပေါ်သို့ ရဟတ်ယာဉ်ပျက်ကျ

**တိုကျို အောက်တိုဘာ ၃၀**

ဂျပန်နိုင်ငံ အိုဆာကာပြည်နယ်တွင် စနေနေ့ မွန်းလွဲပိုင်းက ရထားသံလမ်းပေါ်သို့ ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့သဖြင့် ရဟတ်ယာဉ်မှူး တစ်ဦးနှင့် ခရီးသည်တစ်ဦး သေဆုံးကြောင်း၊ မြို့ပြလေကြောင်း ကုမ္ပဏီတစ်ခုမှ အဆိုပါ ရဟတ်ယာဉ်သည် သရုပ်ပြပျံသန်းနေစဉ် အိုဆာကာပြည်နယ် ဆာကိုင်းမြို့ရှိ ဘူတာရုံတစ်ရုံအနီး ပျက်ကျခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ယင်းဖြစ်ရပ်ကြောင့် ရထားခရီးစဉ်များ ခေတ္တ ရပ်ဆိုင်းလိုက်ရသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

**ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် မကြာသေးမီက ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ဈေးဝယ်သူများ နည်းပါးသွားသော ဂလော်ရီတာကုန်တိုက်ကို အောက်တိုဘာ ၂၈ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-ဆင်ဟွာ)*




## ဆာလာဟူဒင်ပြည်နယ်၌ ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

**ဘဂ္ဂဒက် အောက်တိုဘာ ၃၀**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြောက်ဘက် ဆာလာဟူဒင်ပြည်နယ်တွင် လက်နက်ငယ်ဖြင့် ပစ်ခတ်ခံရမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

ဆာလာဟူဒင်ပြည်နယ်တွင် စစ်ဆင်ရေးဆောင်ရွက်နေစဉ် ယင်းတိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ကြောင်း စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။

အီရတ်နိုင်ငံတွင် ၂၀၀၃ ခုနှစ် စစ်ပွဲစတင်ခဲ့ချိန်နောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင် ၃၈၃၅ဦး သေဆုံးခဲ့ရပြီဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***




## ဘူတိုအား ဗုံးခွဲတိုက်ခိုက်မှု သံသယရှိသူ၏ဓာတ်ပုံ ထပ်မံဖြန့်ဝေ

**ကရာချိ အောက်တိုဘာ ၂၉**

ပါကစ္စတန်ဝန်ကြီးချုပ်ဟောင်း ဘနာဇီယာဘူတိုလာရောက်စဉ် ဗုံးခွဲတိုက်ခိုက်မှုကြောင့် လူပေါင်း ၁၃၉ဦးသေဆုံးခဲ့ရသည့် ဖြစ်ရပ်နှင့်ပတ်သက်၍ ဗုံးခွဲသူအဖြစ်သံသယရှိသူတစ်ဦး၏ ဓာတ်ပုံကို ပါကစ္စတန်ရဲတပ်ဖွဲ့က ဒုတိယအကြိမ် ဖြန့်ဝေလိုက်ကြောင်း အောက်တိုဘာ ၂၇ ရက်တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

### ဖြန့်ဝေ

ဘူတိုသည် ပြည်ပတွင် ရှစ်နှစ်ကြာနေထိုင်ခဲ့ပြီးနောက် တိုင်းပြည်သို့ ပြန်လာသည့် အောက်တိုဘာ ၁၉ ရက်က ကရာချိမြို့တွင် ၎င်းစီးလာသည့်ယာဉ်တန်းကို ဗုံးခွဲတိုက်ခိုက်ခဲ့ပြီးနောက် ရဲတပ်ဖွဲ့က ပထမသံသယရှိသူ၏ဓာတ်ပုံကို ဖြန့်ဝေခဲ့ပြီးဖြစ်သည်။ ဘူတိုသည် လာကာနာကျေးရွာရှိ မိသားစုဂူသင်္ချိုင်းသို့ စနေနေ့တွင် သွားရောက်ခဲ့သည်။

မိမိအား လုပ်ကြံသတ်ဖြတ်မည့် အန္တရာယ်ရှိသော်လည်း စိုးရိမ်ထိတ်လန့်နေမည် မဟုတ်ကြောင်း ဘူတိုက သတင်းထောက်များအား ပြောကြားသည်။

### စုံစမ်းစစ်ဆေး

ဘူတိုအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်မှုနှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးရာ၌ အခက်အခဲများစွာ တွေ့ကြုံနေရသည်။ ကရာချိမြို့တိုက်ခိုက်မှုတွင် အသေခံဗုံးခွဲသူတစ်ဦး သို့မဟုတ် နှစ်ဦးဖြစ်သည်ကို ရဲတပ်ဖွဲ့က တိတိကျကျ မသိရှိသေးပေ။ ဗုံးခွဲသူမည်သူဖြစ်သည်ကို အတိအကျ ဖော်ထုတ်နိုင်ရန် စုံစမ်းစစ်ဆေးနေဆဲ ဖြစ်သည်။

***အမ်အင်အေ၊ ရိုက်တာ။***

## ဘဂ္ဂဒက်မြောက်ပိုင်းရှိ ရဲတပ်ဖွဲ့အခြေစိုက်စခန်း တိုက်ခိုက်ခံရ၊ ၂၇ဦးသေဆုံး

**ဘဂ္ဂဒက် အောက်တိုဘာ ၃၀**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ပိုင်းတွင် အောက်တိုဘာ ၂၉ ရက်က မော်တော်ဆိုင်ကယ်စီးလာသူ ဖောက်ခွဲရေးသမားတစ်ဦးက ရဲတပ်ဖွဲ့အခြေစိုက်စခန်းကို တိုက်ခိုက်မှုကြောင့် တပ်ဖွဲ့ဝင် ၂၇ ဦး သေဆုံးသွားကြောင်း မီဒီယာများက ဖော်ပြသည်။

ထိုတိုက်ခိုက်မှုသည် လအတန်ကြာအချိန်အတွင်း အီရတ်လုံခြုံရေး တပ်ဖွဲ့များအပေါ် အဆိုးရွားဆုံး တိုက်ခိုက်မှုပင်ဖြစ်သည်ဟုဆိုသည်။ ဖောက်ခွဲရေးသမားသည် နံနက်ပိုင်းတွင် စခန်းတွင်းသို့ ဝင်ရောက်လာပြီး လေ့ကျင့်ခန်းလုပ်နေကြသော ရဲတပ်ဖွဲ့ဝင်တစ်စုကို တိုက်ခိုက်သွားခြင်းဖြစ်ကြောင်း ဒီယာလာပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲ ဗိုလ်ချုပ်ဂါနင်မ်အယ်လ်ကာရာရှီက ပြောကြားသည်။

အတိုက်ခိုက်ခံရသောစခန်းသည် ဒီယာလာပြည်နယ် ဘာကူဘာမြို့တွင် တည်ရှိသည်။ ထိုဒေသသည် အယ်လ်ခိုင်ဒါအဖွဲ့များ၊ ဆွန်နီတိုက်ခိုက်ရေးသမားများနှင့် ရှီးယိုက်လက်နက်ကိုင်များ လှုပ်ရှားမှုများပြားရာနယ်မြေဖြစ်သည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် လူ ၂၀ ဒဏ်ရာရရှိသွားရာ အမျိုးသမီးများနှင့် ကလေးများလည်း ပါဝင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

***အမ်အင်အေ၊ ရိုက်တာ။***

## တောမီးအန္တရာယ်တားဆီးရန် လက်ဘနွန်တွင် လှုံ့ဆော်

**ဘေရွတ် အောက်တိုဘာ ၃၀**

နိုင်ငံတော်၏ သစ်တောများအား ထိန်းသိမ်းနိုင်ရေးအတွက် တောမီးလောင်ကျွမ်းမှု တားဆီးကာကွယ်ရန် သတိပေးလှုံ့ဆော်သည့် အစီအစဉ်တစ်ရပ်ကို လက်ဘနွန်နိုင်ငံတွင် ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း ဒေးလီးစတားသတင်းစာက စနေနေ့တွင် ရေးသားဖော်ပြသည်။

လက်ဘနွန်နိုင်ငံ၏ နယ်မြေဒေသတစ်ခုတွင် ပေါ့ဆမှုကြောင့် မီးလောင်မှုဖြစ်ပွားပါက နိုင်ငံတစ်နိုင်ငံလုံး မီးလောင်မှုဖြစ်ပွားဘိသကဲ့သို့ ခံစားကြရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် ဖာရွတ်ဆီနီယိုရာက ပြောကြားသည်။

### စတင်

လက်ဘနွန်နိုင်ငံ မြောက်ပိုင်းနှင့် တောင်ပိုင်းရှိ ဒေသများ၌ မကြာသေးမီက တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့ပြီးနောက် တောမီးအန္တရာယ် သတိပေး လှုံ့ဆော်မှု အစီအစဉ်ကို စတင်ခြင်းဖြစ်သည်။

### ပျက်စီး

လက်ဘနွန်နိုင်ငံတွင် ယခုလအစောပိုင်းက တောမီးလောင်ကျွမ်းမှုများကြောင့် သစ်တောနယ်မြေ ဟက်တာ ၂၅၀၀ကျော် ပျက်စီးခဲ့ရသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

## ဗီယက်နမ်လေဆိပ်၌ ဗုံးတွေ့ရှိမှုကြောင့် နိုင်ငံသားတစ်ဦးကို ဖမ်းဆီးစစ်ဆေး

**ဟန်နိုင်း အောက်တိုဘာ ၃၀**

ဗီယက်နမ်နိုင်ငံ တောင်ပိုင်း ဘာရီယာဗန်တူပြည်နယ်လေဆိပ်တွင် စက်တင်ဘာ ၂၃ ရက်က ဟိုချီမင်းမြို့သို့ ထွက်ခွာမည့် ဗီယက်နမ်နိုင်ငံသားတစ်ဦးအား ၎င်း၏ခရီးဆောင်အိတ်ထဲမှလက်ပစ်ဗုံးနှစ်လုံးတွေ့ရှိမှုကြောင့် လုံခြုံရေးတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း ဒေသဆိုင်ရာ လူငယ်သတင်းစာက စက်တင်ဘာ ၂၄ ရက်တွင် ရေးသားဖော်ပြထားသည်။

### တွေ့ရှိ

အဆိုပါ ခရီးသည်မှာ ဒွန်သန်သန်ဆိုသူဖြစ်ပြီး ခရီးစဉ်အတွက် ဝန်ဆောင်မှုများလုပ်ဆောင်နေစဉ် ၎င်း၏ လက်ဆွဲအိတ်ထဲမှ ဗုံးနှစ်လုံးကို လုံခြုံရေးအဖွဲ့က တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

***အမ်အင်အေ၊ ဆင်ဟွာ။***



**ဂျာမနီနိုင်ငံ မြူးနစ်မြို့ တိရစ္ဆာန်ရုံအတွင်း၌ မွေးဖွားသည့် ရက်သားအရွယ် ဂျက်ဂွာကျားသစ်ငယ်ကို မိခင်နှင့်အတူ အောက်တိုဘာ ၂၈ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-ဆင်ဟွာ)*

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် စစ်ကိုင်းတိုင်းမှ အုပ်ချုပ်သူများ၊ အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား တွေ့ဆုံအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၀

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် စစ်ကိုင်းတိုင်းမှ အုပ်ချုပ်သူများ၊ အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ယနေ့မွန်းလွဲ ၁နာရီ ၄၅မိနစ်တွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအားပေးစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။**

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ စစ်ကိုင်းတိုင်းမှ အဖွဲ့ခေါင်းဆောင် စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်သန်းဝင်းနှင့် အုပ်ချုပ်သူများ၊ အကဲဖြတ် ပညာရှင်များနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

## အားပေးစကားပြောကြား

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အားပေးစကား ပြောကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ အဖွဲ့ခေါင်းဆောင် ဦးတင်သန်းဝင်းက လက်ခံသည်။

ယင်းနောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် စစ်ကိုင်းတိုင်းမှ အုပ်ချုပ်သူများ၊ အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)





## စိတ်အလိုနဲ့ ကိုယ်စောင့်နတ် စာအုပ်ထွက်ရှိ




**ရန်ကုန် အောက်တိုဘာ ၂၀**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) ရေးသားသည့် **"စိတ်အလိုနဲ့ ကိုယ်စောင့်နတ်"** စာအုပ် ထွက်ရှိသည်။**(အပေါ်ပုံ)** အဆိုပါစာအုပ်တွင် ဆောင်းပါး ၁၇ပုဒ်ကို စုစည်းဖော်ပြထားပြီး စာရေးသူက ဤစာအုပ်သည်လည်း ငယ်ရွယ်သူတို့အတွက် စိတ်ခွန်အားဖြည့် ရသစာစုမျိုးသာ ဖြစ်ပါသည်။ တကယ်နားလည် လက်ခံကျင့်သုံးပါက ကောင်းကျိုးမုချရစေမည့် ဗဟုသုတများပါဝင်ပါသည်ဟု အမှာစာတွင် ဖော်ပြထားသည်။ နိုင်စာပေ အမှတ်(၂၂) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၀၁ ၂၅၄၂၇၀ က ထုတ်ဝေဖြန့်ချိ၍ တန်ဖိုး ငွေကျပ် ၁၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ကျောက်ဆည်ခရိုင်ဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေး

**ကျောက်ဆည် အောက်တိုဘာ ၁၆**

မန္တလေးတိုင်း ကျောက်ဆည်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်သည် အောက်တိုဘာ၁၅ရက် နံနက်၉နာရီက ကျောက်ဆည်မြို့ မြင်စိုင်းခန်းမ၌ ကျောက်ဆည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်၊စာရေးများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ဒေသလုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးကိစ္စရပ်များ၊ မြို့နယ်အတွင်း စီမံကိန်းသီးနှံများ လျာထားချက်နှင့်အညီ အပြည့်အဝ အကောင်အထည်ဖော်ရေး၊ ပန်းတိုင်အထွက်တိုးရေး၊ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် စီမံခန့်ခွဲမှု လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

(ခရိုင် ပြန်/ဆက်)

## အဘိဓမ္မာခုနစ်ကျမ်း သဘောအဓိပ္ပာယ် ရေးဖြေစာမေးပွဲ

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်မြို့ အဘိဓမ္မာ ပြန်ပွားရေးအသင်းကြီး၏ အကြိမ်(၄၀)မြောက် အဘိဓမ္မာ ခုနစ်ကျမ်း သဘောအဓိပ္ပာယ် ရေးဖြေစာမေးပွဲကို ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီး အမှတ်(၄၉-၅၁)ရှိ အဘိဓမ္မရတနာဃရ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီးတွင် နိုဝင်ဘာ ၂၅ရက် (တနင်္ဂနွေနေ့)မှ ဒီဇင်ဘာ ၁ရက် (စနေနေ့)အထိ ကျင်းပမည်ဖြစ်ရာ အာဂုံပြန်ဆို အောင်မြင်ပြီးသော ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်တို့အနေဖြင့် အသေးစိတ်သိရှိလိုပါ က အသင်းရုံးဖုန်း-၂၇၈၄၅၇သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)



## အသိပညာပေး ဟောပြောပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကကြီးမှူး၍ လှိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသားဖွားခန်း၌ မိခင်မှ သန္ဓေသားသို့ HIV ပိုး ကူးစက်ခြင်းမှ ကာကွယ်ခြင်း (P.M.C.T) စီမံချက် အသိပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၂၉ရက် နံနက် ၁၀နာရီတွင် ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ပန်းပန်းဖြိုးက အဖွင့်အမှာစကားပြောကြားပြီး**(ဝဲပုံ)** မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ စီမံချက်အရာရှိ ဒေါက်တာဦးဝေမြင့်က စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကိုယ်ဝန်ဆောင် မိခင်များအား သံဓာတ်အားဆေး၊ ဗီတာမင်ဘီဝမ်းနှင့် အိုင်အိုဒင်း ဆားထုပ်များ ထောက်ပံ့ပေးပြီး ကျန်းမာရေးစစ်ဆေးပေးသည်။

(မိခင်/ကလေး)

## ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် စစ်ကိုင်းတိုင်းမှ အုပ်ချုပ်သူများ၊ အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။**

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

### ၂၁-၁၀-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်)ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်**
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၀၅ ၇။ အတီးပြိုင်ပွဲ
၈:၁၅ ၈။ ရန်ကုန်တိုင်းမဟူရာရေလှောင်တမံ
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ Let's Go.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ
– ပထမနှစ် (သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ အထူးပြုများ)(ရူပဗေဒ)
၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၅:၀၀ ၅။ မြန်မာစာမြန်မာစကား
၅:၁၀ ၆။ သီချင်းကြီးပဒေသာ
၅:၂၀ ၇။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၃၀ ၈။ ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆:၅၀ ၁၂။ လွင်မိုးခရီးသွားနေသည်
၇:၂၅ ၁၃။ **"သတင်းကောင်း" (သျှားညို၊ဆုပန်ထွာ၊ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)**
၇:၄၀ ၁၄။ ဆင်းရွှေလီကြံ
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ Franz Hararay's Magic Planet
၁၉။ **မြန်မာ့ရုပ်ရှင် "လျှို့ဝှက်သောနှင်း" (လွင်မိုး၊လူမင်း၊ညွန့်ဝင်း၊ထွန်းထွန်းဝင်း၊စိုးမြတ်နန္ဒာ၊နီလာအောင်အောင်) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

# (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပပြီးစီး

နေပြည်တော် အောက်တိုဘာ ၂၀

**ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားစေရန်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်၊ လူငယ်ထု၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်ဟူသည့် ပြိုင်ပွဲဦးတည်ချက်များနှင့်အညီ နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ သတ်မှတ်နေရာအသီးသီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည့် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသည် အောက်တိုဘာ ၂၉ ရက် နောက်ဆုံးနေ့ အစီအစဉ်များ ဆက်လက်ကျင်းပပြီး အောင်မြင်စွာကျင်းပပြီးစီးသွားသည်။**

အဆိုပါ ပြိုင်ပွဲကျင်းပရာနေရာများသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ နေပြည်တော်၌ရောက်ရှိနေသော တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များ၊ နေပြည်တော်ပျဉ်းမနားခရိုင်အတွင်းရှိ နေပြည်တော်ပျဉ်းမနားမြို့နယ်၊ နေပြည်တော်တပ်ကုန်းမြို့နယ်နှင့် နေပြည်တော်လယ်ဝေးမြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ မြန်မာ့ယဉ်ကျေးမှု သုခုမအနုပညာကို လေးစားမြတ်နိုးကြသော ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ နောက်ဆုံးနေ့ပြိုင်ပွဲ အစီအစဉ်ဖြစ်သည့် အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲနှင့် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ(၁၅)နှစ်(အမျိုးသား) မဟာဂီတအဆိုပြိုင်ပွဲ အစီအစဉ်များကို အောက်တိုဘာ ၂၉ရက် နံနက်၉ နာရီမှစတင်၍ နေပြည်တော်ရှိ ရေဆင်းတက္ကသိုလ်နယ်မြေ စိုက်ပျိုးရေးတက္ကသိုလ်(စုဝေးခန်းမ)၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

အဆိုပါ မဟာဂီတအဆိုပြိုင်ပွဲကို အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်ထောက်ညွှန်ကြားရေးမှူး (ဂီတ) (အငြိမ်းစား) ဂီတပညာရှင် ဒေါ်တင်တင်မြနှင့် အဆိုအကဲဖြတ် လုပ်ငန်းအဖွဲ့ဝင်များက ကြီးကြပ်၍ မဟာဂီတ အဆိုအကဲဖြတ်ပညာရှင်များအဖွဲ့ ခေါင်းဆောင် ဂီတပညာရှင် ဒေါ်သင်းသင်းမြတ်နှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး) မဟာဂီတ အဆိုပြိုင်ပွဲကိုကျင်းပရာ **“ဖန်ထွေလာ”** (မွန်) သီချင်းဖြင့် ချင်းပြည်နယ်မှ မအိမြတ်မြတ်ဖြိုး၊ မန္တလေးတိုင်းမှ မသော်တာချမ်းမြေ့၊ ရခိုင်ပြည်နယ်မှ မခင်သက်စု၊ ရန်ကုန်တိုင်းမှ မခင်ပပအောင်၊ ကရင်ပြည်နယ်မှ မခင်မိုးဟိန်း၊ မွန်ပြည်နယ်မှ မသီရိစုဝေ၊ ရန်ကုန်တိုင်းမှ မစပယ်ဖြူသိန်း၊ ဧရာဝတီတိုင်းမှ မအိနှင်းဖြူ၊ မန္တလေးတိုင်းမှ မမြင့်မြင့်အေးသိန်းနှင့် မကွေးတိုင်းမှ ဒေါ်မေခိုင်လင်းတို့က သီဆို၍ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၀)နှစ်မှ (၁၅)နှစ် (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မြဝတီမင်းကြီး ရေးသားသီကုံးစပ်ဆိုသည့် **“အိုကြော့ဆုံးမယ်”** (ပတ်ပျိုး) သီချင်းဖြင့် ရခိုင်ပြည်နယ်မှ မောင်စိုးမြင့်ဇင်၊ မန္တလေးတိုင်းမှ မောင်ချမ်းမင်းစိုး၊ ကချင်ပြည်နယ်မှ မောင်မင်းသန့်ဇော်၊ ပဲခူးတိုင်းမှ မောင်လင်းထက်ကျော်၊ ဧရာဝတီတိုင်းမှ မောင်ကျော်ရဲလွင်၊မွန်ပြည်နယ်မှ မောင်ဝဏ္ဏ၊ကရင်ပြည်နယ်မှ မောင်စောဂျွန်စကိုင်း၊ ရှမ်းပြည်နယ်မှ မောင်ထွန်းလွင်ဦး၊ မကွေးတိုင်းမှ မောင်ဇင်မင်းလတ်၊ စစ်ကိုင်းတိုင်းမှ မောင်ဇော်မိုးထက်၊ ရန်ကုန်တိုင်းမှ မောင်ထက်အောင်လင်း(ခ)ဇင်မောင်မောင်



ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ကွက်စိပ်ပြိုင်ပွဲတွင် ကယားပြည်နယ်မှ ဦးရန်အောင် ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)




အခြေခံပညာအဆင့် အသက် (၁၀–၁၅)နှစ် (အမျိုးသား) မဟာဂီတ အဆိုပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မောင်စောဂျွန်စကိုင်း ယှဉ်ပြိုင်စဉ်။ (သတင်းစဉ်)

နှင့် မောင်အောင်ခိုင်မင်းနှင့် မန္တလေးတိုင်းမှ မောင်လှမျိုးဇော်တို့ သီဆိုပြိုင်ပွဲဝင်ကြပြီး (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ကွက်စိပ်ပြိုင်ပွဲကို နံနက်၉နာရီတွင် နေပြည်တော်ရေဆင်းတက္ကသိုလ်နယ်မြေရှိ မွေး မြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ နောက်ဆုံးနေ့အဖြစ်ကျင်းပရာ ကွက်စိပ် အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌယဉ်ကျေးမှု တက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးတင်စိုးနှင့် အကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များကကြီးကြပ်၍ အကဲဖြတ်အမှတ်ပေးကြသည်။

ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား) ကွက်စိပ်ပြိုင်ပွဲတွင် ညီတော်မင်း နန်းရှုတ်ခန်းဇာတ်တော်ကို ကရင်ပြည်နယ်မှ ဦးမြဝင်း၊ မန္တလေးတိုင်းမှ ဇာတိမာန်မောင်မော်၊ ချင်းပြည်နယ်မှ ဦးမြင့်ဌေး၊ ပဲခူးတိုင်းမှ ဦးမင်းညွှန့်(ခေါ်)မောင်ငယ်၊ ကယားပြည်နယ်မှ ဦးရန်အောင်နှင့် ရန်ကုန်တိုင်းမှ ဦးတင်ရွှေတို့ဟောပြောပြိုင်ပွဲဝင်ကြသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ပတ္တလားအတီးပြိုင်ပွဲကို နံနက် ၉ နာရီတွင် နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ် (စာသင်ခန်းမ) ၌ ကျင်းပရာ အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးရည်နွယ်နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဝင်များကြီးကြပ်၍ ပတ္တလားအတီး အကဲဖြတ်အဖွဲ့ခေါင်းဆောင် ဦးခင်လှနှင့် အဖွဲ့ဝင်များက အကဲဖြတ်အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့်(ပထမတန်း) (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲ တွင် **“ဒီပါအေးမြ”** (ပတ်ပျိုး) သီချင်းဖြင့် ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့်၊ ရန်ကုန်တိုင်းမှဒေါ်ခိုင်ဇာဝင်း၊ ပဲခူးတိုင်းမှ ဒေါ်ဝင်းသန္တာအောင်၊ မန္တလေးတိုင်းမှ ဒေါ်သန္တာရွှေနှင့် မနီနီဝင်းတို့ တီးခတ်၍ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အဆင့်မြင့်ပညာအဆင့် (အမျိုးသား)ပတ္တလားအတီးပြိုင်ပွဲ တွင် **“တောယောဝန်လယ်”**(ယိုးဒယား)သီချင်းဖြင့် မန္တလေးတိုင်းမှ မောင်ကောင်းမြတ်ကျော်၊ ရန်ကုန်တိုင်းမှ မောင်မျိုးဇော်ဟိန်း(ခ)မျိုးဇော်အောင်၊ ဧရာဝတီတိုင်းမှ မောင်မျိုးသန့်၊ မန္တလေးတိုင်းမှ မောင်မျိုးသူနှင့် ရန်ကုန်တိုင်းမှ မောင်ရဲမင်းဟန်တို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

မွန်းလွဲပိုင်းတွင် အခြေခံပညာအဆင့် အသက်(၁၅)နှစ်မှ(၂၀)နှစ်(အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ **“လွမ်းပိုအောင်”** (ယိုးဒယား)သီချင်းဖြင့် ဧရာဝတီတိုင်းမှ မဟန်နီဝေယံထွန်း၊ ရန်ကုန်တိုင်းမှ မရတနာလင်း၊ မန္တလေးတိုင်းမှ မနန္ဒာလင်း၊ ရန်ကုန်တိုင်းမှ မကေဇင်ချစ်စု၊ မကွေးတိုင်းမှ မအင်ကြင်းဦးနှင့် မန္တလေးတိုင်းမှ မငြိမ်းအေးသူတို့ တီးခတ်ပြိုင်ပွဲဝင်ကြသည်။

ထို့နောက် အခြေခံပညာအဆင့် အသက်(၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) ပတ္တလားအတီးပြိုင်ပွဲတွင် “သီဒါသီဒါမြသား”(ကြိုး)သီချင်းဖြင့် မကွေးတိုင်းမှ မနှင်းအိလှိုင်၊ ရန်ကုန်တိုင်းမှ မပိုးအိစံ၊ မွန်ပြည်နယ်မှ မပန်းအိစံ၊ စစ်ကိုင်းတိုင်းမှ မဖြူနှင်းခိုင်(ခ) မြန်မာပြည်ဖိုလ်မ၊ ဧရာဝတီတိုင်းမှ မအိသန္တာခင်၊ ရန်ကုန်တိုင်းမှ မခင်မြတ်မွန်၊ ကချင်ပြည်နယ်မှ မသင်းရတနာအောင်၊ မန္တလေးတိုင်းမှ မသင်းနန္ဒာသိမ့်၊ ရခိုင်ပြည်နယ်မှ မပပပြည့်ဖြိုး၊ မန္တလေးတိုင်းမှ မရွှေရည်လဲ့ဦးနှင့် ချင်းပြည်နယ်မှ မဌေးယုအောင်တို့ တီးခတ်ပြိုင်ပွဲဝင်ကြပြီး (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး ပြိုင်ပွဲ၏ပတ္တလားအတီးပြိုင်ပွဲကို အောင်မြင်စွာကျင်းပပြီးစီးသွားသည်။

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲကို နံနက် ၉နာရီတွင်နေပြည်တော် ရေဆင်းတက္ကသိုလ်နယ်မြေရှိ စိုက်ပျိုးရေးတက္ကသိုလ်(ဘွဲ့နှင်းသဘင်ခန်းမ) ၌ ကျင်းပရာ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ အကဲဖြတ်အမှတ်ပေး ပညာရှင်များအဖွဲ့ ခေါင်းဆောင် ဦးစိန်စတင်းနှင့် အဖွဲ့ဝင်များက အကဲဖြတ် အမှတ်ပေးကြသည်။

ရှေးဦးစွာ ဝါသနာရှင်အဆင့်(ပထမတန်း)(အမျိုးသမီး) ဆိုင်း တစ်ဦးချင်း အတီးပြိုင်ပွဲတွင် **“လေပြေဆော်သွင်းမြူး”** (ယိုးဒယား) သီချင်းဖြင့် မန္တလေးတိုင်းမှ ဒို့ဗိုလ်မ(ခ)မိုးသူဇာအေး၊ ရန်ကုန်တိုင်းမှ ဒေါ်ခိုင်ဇာဝင်းနှင့် ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့်တို့ တီးခတ်၍ပြိုင်ပွဲဝင်ကြသည်။

ထို့အတူ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)ဆိုင်း တစ်ဦးချင်း ပြိုင်ပွဲတွင် **“ယသော်ရော”** (ယိုးဒယား) သီချင်းဖြင့် ဧရာဝတီတိုင်းမှ မဂ္ဂစာ(ခ)အိအိမွန်နှင့် ပဲခူးတိုင်းမှ မစိမ်းမိုးတို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

အလားတူ အခြေခံပညာအဆင့် အသက် (၅)နှစ်မှ (၁၀)နှစ် (အမျိုးသမီး) ဆိုင်း တစ်ဦးချင်းပြိုင်ပွဲတွင် **“သီဒါသီဒါမြသား”**(ကြိုး) သီချင်းဖြင့် ချင်းပြည်နယ်မှ မဌေးယုအောင်၊ မန္တလေးတိုင်းမှ မယွန်းဝတီအောင်ကျော်စိုး၊ စစ်ကိုင်းတိုင်းမှ မဖြူနှင်းခိုင် (ခ) မြန်မာပြည်ဖိုလ်မ၊ ရန်ကုန်တိုင်းမှ မပိုးအိစံနှင့် မကွေးတိုင်းမှ မနှင်းအိလှိုင်တို့ တီးခတ်၍ ပြိုင်ပွဲဝင်ကြသည်။

(သတင်းစဉ်)



ဖခင်ကြီး ဦးသန်းဆွေအားရည်စူး၍ ပုသိမ်မြို့ မှန်စက်ရုံမှူး ဗိုလ်မှူး စိုးသန်း(ငြိမ်း)နှင့် ဇနီး ဒေါက်တာဒေါ်မျိုးစန္ဒာဝေ၊ သား မောင်ဝင့်ထယ်စိုး မိသားစုနှင့် ဝန်ထမ်းများ အောက်တိုဘာ ၁၃ ရက်က ပုသိမ်မြို့ ရွှေမုဋ္ဌောဘုရားအရှေ့ ဒေါ်လှယဉ်ဓမ္မာရုံ မြို့မဆွမ်းလောင်းအသင်း၌ မြို့လုံးကျွတ် သံဃာအပါး ၃၀၀၀ ကျော်တို့အား အရုဏ်ဆွမ်းလောင်းလှူကြစဉ်။(သတင်းစဉ်)

# အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပရေးညှိနှိုင်း အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၀**

၂၀၀၇ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် ကျရောက်မည့် **‘အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့’** ကျင်းပရေးကော်မတီ၏ ပထမအကြိမ် အကြိုညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ပန်းပင်ကြီးလမ်းရှိ လူမှုဝန်ထမ်းဦးစီးဌာန ကြည့်မြင်တိုင် မျက်မမြင်ကျောင်း အစည်းအဝေး ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ **‘၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့’** ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်းက လုပ်ငန်းစီမံချက်နှင့်ဌာနဆိုင်ရာ မသန်စွမ်းကျောင်းများမှ ထူးချွန်ကျောင်းသားများရွေးချယ်မှု စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် **‘၂၀၀၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့’**အတွက် ကုလသမဂ္ဂမှ သတ်မှတ်ထားသည့် ‘Theme’ ‘ဆောင်ပုဒ်’ မြန်မာပြန်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က နိဂုံးချုပ်အမှာစကားပြောကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၁-၁၀-၂၀၀၇ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

- **၇း၀၀** ၁။ မြဝတီအဖွင့်
- **၇း၀၅** ၂။ အဖွင့်သီချင်း
- **၇း၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇း၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇း၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇း၄၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- **၇း၅၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- **၇း၅၅** ၈။ အမျိုးသားရေးတေးကဗျာ
- **၈း၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈း၁၀** ၁၀။ အမျိုးသားရေးတေးကဗျာ
- **၈း၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
- **၈း၁၆** ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- **၄း၀၀** ၁။ မြဝတီအဖွင့်
- **၄း၀၅** ၂။ အဖွင့်သီချင်း
- **၄း၁၅** ၃။ အမျိုးသားရေးတေးကဗျာ
- **၄း၃၀** ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- **၄း၅၀** ၅။ မျိုးချစ်တပ်မတော်
- **၅း၀၀** ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- **၅း၂၀** ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၅း၃၀** ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅း၄၀** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆း၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆း၁၀** ၁၁။ နိုင်ငံတကာသတင်း
- **၆း၂၀** ၁၂။ အမျိုးသားရေးတေးကဗျာ
- **၆း၂၅** ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇း၀၀** ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –မြင်မြင်ချင်းပဲကွယ် အပိုင်း(၄၈)ဇာတ်သိမ်း**
- **၈း၀၀** ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ English Usage
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း –သစ္စာကြီးမား(သား)ပေါင်ချိန် (အပိုင်း–၃၉)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

# အစဉ်အလာကောင်းကို လက်ဆင့်ကမ်းထိန်းသိမ်းပြီး ရိုးရာမပျက် ဆင်နွှဲနေသည့် ရွှေကျင်သီတင်းကျွတ် မီးမျှောပူဇော်ပွဲတော်

သတင်းဆောင်းပါး
ဇော်ဝင်း(ကြေးမုံ)
ဓာတ်ပုံ
ဌေးအောင်(ကြေးမုံ)

**ရန်ကုန် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံတစ်ဝန်း၌ ဒေသအလိုက် ကျင်းပဆင်နွှဲသည့် ပွဲတော်များအနက် ပဲခူးတိုင်း ရွှေကျင်မြို့နယ် ရွှေကျင်မီးမျှောပူဇော်ပွဲသည်လည်း နာမည်ကျော်ကြားလှပါသည်။

ရွှေကျင်မြို့သည် ရန်ကုန်မြို့မှ အရှေ့မြောက်ဘက် မိုင်တစ်ရာကျော်တွင်ရှိပြီး ပဲခူးတိုင်း အရှေ့ခြမ်း အရှေ့ရိုးမတောင်ခြေတွင် တည်ရှိပါသည်။ ဗမာ၊ ကရင်၊ ရှမ်း၊ ပအိုဝ်း၊ မွန် တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပြီး ဥယျာဉ်ခြံမြေနှင့် လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ အမယ်စုံထွက်ရှိပါသည်။ ရေမြေ ရာသီဥတု ညီညွတ်မျှတပြီး တောတောင်လျှိုမြောင်စိမ့်စမ်း လယ်ယာဥယျာဉ်များဖြင့် သာယာစိုပြည်လှပါသည်။



သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် အရှေ့မဟာဗုဒ္ဓဘုရားကြီး၌ ဆွမ်းတော်ကြီးကပ်လှူနေသည့်မြင်ကွင်း။

၁၂ ရာသီပွဲတော်များအနက် ရွှေကျင်သီတင်းကျွတ် မီးမျှောပူဇော်ပွဲမှာ ဒေသအတွင်းသာမက မြန်မာနိုင်ငံ အရပ်ရပ်သို့ပင် ပျံ့နှံ့ကျော်ကြားပါသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်းမှစ၍ ကျင်းပလာခဲ့သော ရွှေကျင်မီးမျှောပူဇော်ပွဲသည် မြတ်စွာဘုရားအားအမှူးထား၍ တောင်သမုဒ္ဒရာ၌ ကြေးပြာသာဒ်ဖြင့် စံမြန်းနေသည့် ရှင်ဥပဂုတ္တ မထေရ်မြတ်အား ရည်စူး၍ နှစ်စဉ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် ရွှေကျင်ချောင်းအတွင်း၌ ဆီမီးရောင်စုံမီးကြာခွက်များ ရေမျှောပူဇော်သည့် ပွဲတော်တစ်ခုဖြစ်ပြီး ခေတ်အဆက်ဆက် လက်ဆင့်ကမ်း ကျင်းပလာသည်မှာ ယခုနှစ်တွင် (၁၅၆) နှစ်မြောက်ခဲ့ပြီဖြစ်သည်။

မိုးနှောင်းရာသီဖြစ်သည့် သီတင်းကျွတ်လဆန်းရက်များမှစ၍ ရွှေကျင် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ ပြည်သူများ၏ စိတ်အာရုံတွင် မီးမျှောပူဇော်ပွဲ ကျင်းပပူဇော်လိုစိတ်ဖြင့် သဒ္ဒါရွှင်လန်း တက်ကြွနေကြသလို အနယ်နယ် အရပ်ရပ်သို့ ရေကြည်ရာမြက်နုရာ သွားရောက်နေထိုင်အခြေချနေကြသည့် ရွှေကျင်သူ၊ ရွှေကျင်သားတို့မှာလည်း မိမိဒေသ လွမ်းစိတ်များမှာ လှုပ်ခတ်နိုးကြားစမြဲဖြစ်သည်။

၁၃၆၉ ခုနှစ် (၁၅၆)နှစ်မြောက် ရွှေကျင်မြို့နယ် သီတင်းကျွတ်မီးမျှောပူဇော်ပွဲကို သီတင်းကျွတ်လဆန်း ၈ ရက် (အောက်တိုဘာ ၁၉ ရက်)မှ လပြည့်ကျော် ၁ ရက် (အောက်တိုဘာ ၂၇ )ရက်အထိ ကုန်းပွဲ၊ ရေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

သီတင်းကျွတ်လဆန်း ၁၂ ရက်နေ့တွင် ရွှေကျင်မြို့ လေးထပ်ကျောင်း ဓမ္မာရုံတော်ကြီး၌ ရှင်ဥပဂုတ္တမထေရ် မြတ်အား အမှူးထား၍ သံဃာတော် အရှင်သူမြတ်များအား ရွှေကျင်မြို့သူ၊ မြို့သားများက နေ့ဆွမ်းဆက်ကပ်ပူဇော်ပြီး နောက်တစ်နေ့တွင် ရွှေကျင်မြို့တွင်းသို့ ရဟန္တာအရှင်မြတ်ကြီးအား လှည့်လည်အပူဇော်ခံပါသည်။ ထိုမှတစ်ဆင့် ရွှေကျင်ချောင်းအတွင်းရှိ ကရဝိက်ဖောင်တော်ပေါ်သို့ ရှင်ဥပဂုတ္တမထေရ်မြတ်ရုပ်ပွားတော်အား ပင့်ဆောင်၍ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖွားပူဇော်ကြသည်။ ထိုအခမ်းအနားမှ စတင်၍ သီတင်းကျွတ် မီးမျှောပူဇော်ပွဲ၏ ကုန်းပွဲတော်စတင်ပြီဖြစ်ပြီး ရွှေကျင်မြို့သည် လှုပ်ရှားသက်ဝင်လာကာ ပွဲတော်ကျင်းပရာနေရာတစ်ဝိုက်၌ ဓမ္မတေးသံများ လွှမ်းခြုံစပြုလာပြီဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ နံနက်ပိုင်းတွင် ရွှေကျင်မြို့အရှေ့ဘက် တောင်စွယ်ပေါ်ရှိ အရှေ့မဟာဗုဒ္ဓဘုရားကြီး၌ နံနက် အရုဏ်တက်ချိန်မှစ၍ ရွှေကျင်မြို့နယ်အတွင်းနှင့် ရပ်ဝေးမှ ဘုရားဖူးပြည်သူများက သဒ္ဓါထက်သန်စွာဖြင့် ဆွမ်းတော်ကြီးတင်လှူပွဲ ကျင်းပကြပါသည်။ သီတင်းကျွတ်လပြည့်နေ့ တစ်နေ့ခင်းလုံးမှာ ဘာသာရေးဆိုင်ရာ အခမ်းအနားများကို ကျင်းပကြ၍ တစ်မြို့လုံးတွင် ဝတ်ရွတ်သံများဝေစည်နေပါသည်။

**ပွဲတော်၏ အထွတ်အထိပ်ဖြစ်သည့် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင်မူ နံနက်ပိုင်းမှစ၍ မီးမျှောပူဇော်ပွဲကျင်းပမည့် ရွှေကျင်မြို့ ပျဉ်းမပင်ရပ်ရှိ ချောင်းနံဘေးနှင့် ရွှေကျင်ချောင်းအတွင်း၌ အစည်ကားဆုံးဖြစ်သည်။ ယင်းသို့စည်ကားခြင်းမှာလည်း ရပ်ရွာဒေသလုံခြုံအေးချမ်းခြင်း၊ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ခြင်း၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့ခြင်းတို့၏ အကျိုးသက်ရောက်မှုပင်ဖြစ်သည်။ ယခင်က စစ်တောင်းမြစ်ခြားနေ၍ လှေတစ်တန်၊ လှည်းတစ်တန်ဖြင့် ကူးလူးရသည့်အခြေအနေမှ စစ်တောင်းမြစ်ကူးတံတား (ရွှေကျင်-မဒေါက်) တည်ဆောက်ပေါင်းကူးပေးမှုကြောင့် ရွှေကျင်မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် အရှိန်ပြင်းစွာ ဖြစ်ပေါ်လာခဲ့သည်။**



မီးမျှောပူဇော်နေကြသည့် အရှေ့ဘက်ကမ်းမှ လုံမေတစ်စု။



မီးရောင်စုံများ ထွန်းညှိပူဇော်ထားသည့် ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ် ကိန်းဝပ်စံပယ်ရာ ကရဝိက်ဖောင်တော် လှည့်လည်အပူဇော်ခံစဉ်။

ရန်ကုန်မှ ရွှေကျင်သို့ မော်တော်ယာဉ်ခရီးတိုက်ရိုက်ပေါက်ခဲ့ပြီး ခေတ်မီ ခုတင် ၁၀၀ ဆံ့ဆေးရုံတည်ဆောက်၍ ဒေသနေပြည်သူများ၏ ကျန်းမာရေးကို စောင့်ရှောက်ပေးနိုင်ခဲ့ပြီ။ အော်တိုတယ်လီဖုန်း တပ်ဆင်နိုင်မှုကြောင့် မည်သည့်အရပ်ဒေသနှင့်မဆို ဆက်သွယ်ရေးကွန်ရက်ချိတ်ဆက်မိခဲ့ပြီ။ ရွှေကျင်မြို့နယ် ဖွံ့ဖြိုးတိုးတက်မှုမှာ ဆယ်စုနှစ်နှစ်စုအတွင်း အံ့မခန်းဖြစ်ခဲ့သည်။ ထိုအချက်များသည်ပင် ရွှေကျင်မီးမျှောပူဇော်ပွဲ ပိုမိုစည်ကားလာရခြင်း၏ အကြောင်းရင်းခံများဖြစ်ပါသည်။

သီတင်းကျွတ်လပြည့်ကျော် ၁ ရက် မွန်းလွဲပိုင်းတွင် ရွှေကျင်ချောင်းအတွင်း၌ တက်ခုတ်ယိမ်း၊ တက်ပျံယိမ်း၊ ယိမ်းအဖွဲ့၊ ကရင်ရိုးရာဒုံးယိမ်း၊ ရှမ်းတိုင်းရင်းသား ရိုးရာအကအဖွဲ့များက စက်တပ်လှေဖောင်များဖြင့် ကပြဖျော်ဖြေပြိုင်ပွဲဝင်ကြသည်ကို ကမ်းလုံးညွတ်မျှ ကြည့်ရှုအားပေးကြသည့် ပွဲတော်လာပရိသတ်များမှာ ကြက်ပျံမကျ စည်ကားလှသည်။

ယင်းနေ့ညနေ ၄ နာရီမှစ၍ ဗဟိုမဏ္ဍပ်၌ ယိမ်းပြိုင်ပွဲ အသီးသီးနှင့် တက်ခုတ်၊ တက်ပျံယိမ်းပြိုင်ပွဲများမှ ဆုရရှိသည့်အသင်းများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပပြီး ညနေ ၆ နာရီတွင် မီးမျှောပူဇော်ပွဲ မစတင်မီ လှော်ကားတော်ကြီး လှေက ဦးဆောင်၍ ရှင်ဥပဂုတ္တမထေရ်မြတ် စံမြန်းတော်မူသည့် ကရဝိက်ဖောင်တော်သည် ဝတ်ရွတ်အသင်းဝင်လှေများခြံရံကာ ရွှေကျင်ချောင်း ထက်အောက်သို့ လက်ယာရစ် သုံးကြိမ် လှည့်လည်အပူဇော်ခံရာတွင် ရွှေကျင်ချောင်းရေပြင်တွင် ဓမ္မပူဇာတေးသံများ ဖုံးလွှမ်းသွားပါသည်။



တက်ခုတ်ယိမ်းပြိုင်ပွဲ တတိယဆုရ တောင်ဘက်ကျေးရွာမှ ရွှေပဒုမ္မာတက်ခုတ်ယိမ်းအဖွဲ့ဆုယူအပြီး ကပြဖျော်ဖြေစဉ်။

သီတင်းကျွတ်လပြည့်ကျော် ၁ရက် ညနေချမ်းနေခြည်အကျ မှောင်စပျိုးချိန်တွင် မီးမျှောပူဇော်ပွဲ စတင်ပါသည်။ ကမ်းနှစ်ဖက်မှ ကြိုးကြားကြိုးကြားတောက်ပလာသည့် မီးရောင်များ ရွှေကျင်ချောင်း၏ မှန်သားပြင်တမျှ ကြည်လင်ငြိမ်သက်သော ရေအလျဉ်တွင် တလက်လက်ထွန်းပကာ မကြာမီမှာပင် ရွှေကျင်ချောင်းတစ်ခုလုံး မီးရောင်စုံတို့ ထိန်ထိန်ညီးသွားခဲ့ပါသည်။ မီးရှူး၊ မီးပန်းများကိုလည်း ပစ်ဖောက်ပူဇော်ကြရာ ကောင်းကင်ပြင်၌ မီးတံခွန်များ တွဲရရွဲဖြင့် ညကို အလှဆင်နေပါသည်။

ရွှေကျင်ချောင်းနှင့် ရွှေကျင်မြို့သည် ခွဲခြားမရခဲ့သကဲ့သို့ မီးမျှောပူဇော်ပွဲသည်လည်း ရွှေကျင်နှင့် ခွဲခြားမရပါ။ ရွှေကျင်ချောင်းရေပြင်၌ နယ်သူနယ်သားတို့ ထွန်းညှိပူဇော်ခဲ့သော ဆီမီးရောင်ရှိန်တို့သည် လောကုတ္တရာ အကျိုးစီးပွားကို ဆောင်သကဲ့သို့ ရွှေကျင်မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အလင်းဆောင်နေသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်မည်ဖြစ်ပါသည်။ ။

# မြန်မာအင်ဂျင်နီယာတို့၏ အတတ်ပညာ စွမ်းပကားဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းတည်ဆောက်ခဲ့သော ဒဂုံတံတားကြီး

**သတင်းဆောင်းပါး-သောင်းဝင်းဗိုလ်**
**ဓာတ်ပုံ-တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁)**

**နိုင်ငံတော်အစိုးရသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင်၊ တည်ငြိမ်အေးချမ်းအောင်၊ ပြည်သူများ စားဝတ်နေရေး အဆင်ပြေချောမွေ့အောင်၊ လူနေမှုအဆင့်အတန်း မြင့်မြင့်မားမား နေထိုင်နိုင်အောင်၊ စိတ်အေးချမ်းမြေ့လွယ်ကူစွာ ခရီးသွားလာနိုင်အောင်နှင့် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း အဆင်ပြေချောမွေ့အောင် အမြဲမပြတ် သုံးသပ်လေ့လာ စီမံဖြည့်ဆည်းပေးလျက်ရှိသည့်အတွက် ယခုအခါ နိုင်ငံတော်၌ ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မြင့်မားစွာ ရရှိခံစားနေကြရပြီဖြစ်သည်။**

**နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများကို ဖြန့်ကြက်ဖော်ဆောင်ပေးလျက်ရှိရာတွင် တစ်နိုင်ငံလုံး ကွာဟမှုနည်းပါးအောင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် များစွာအရေးပါသော မြစ်ကူး၊ ချောင်းကူး တံတား ကြီး၊ ငယ် များစွာကို တည်ဆောက်ပေးလျက်ရှိပြီး မကြာမီက ဖွင့်လှစ်ပေးခဲ့သည့် ဒဂုံတံတားကြီး အပါအဝင် ပေ ၁၈၀ အထက် တံတားကြီး ၂၂၈ စင်းကို တည်ဆောက် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။**


Stand Pipe ရိုက်သွင်းခြင်းလုပ်ငန်း ဆောင်ရွက်နေစဉ်။

ဒဂုံတံတားသစ်ကြီး၏ ထူးခြားမှုမှာ တည်ဆောက်ပြီးသည့် တံတားများအနက် ကွန်ကရစ်တံတားကြီးများထဲတွင် အကြီးဆုံးသော ခြောက်လမ်းသွား သံကူကွန်ကရစ်တံတားကြီးဖြစ်သည်။

အဆိုပါ ခြောက်လမ်းသွား သံကူကွန်ကရစ်တံတားကြီး၏ တည်ဆောက်ပုံအဆင့်ဆင့်သည် စိတ်ဝင်စားဖွယ် ကောင်းလှသဖြင့် ဒဂုံတံတားကြီးကို တာဝန်ယူတည်ဆောက်ခဲ့သော ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားတည်ဆောက်ရေး စီမံကိန်းအထူးအဖွဲ့(၁)မှ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်၊ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ဦးတင်ဝင်းအောင်၊ အငယ်တန်းအင်ဂျင်နီယာ(မြို့ပြ) ဦးစောတင်ဦးတို့နှင့် တွေ့ဆုံမေးမြန်းချက်များကို ဖော်ပြလိုက်ပါသည်။

**မေး ။ ။** ဒဂုံတံတားကြီးကို တည်ဆောက်ရာမှာ နိုင်ငံတော်က ဘယ်လောက် ကုန်ကျခံခဲ့ပါသလဲ။

**ဖြေ ။ ။** တံတားတစ်စင်းလုံးနဲ့ ချဉ်းကပ်လမ်းများ အပါအဝင် စုစုပေါင်း ကျပ်ငွေ သန်းပေါင်း နှစ်သောင်းကျော် (ဘီလီယံ ၂၀ ကျော်) ကုန်ကျခံခဲ့ပါတယ်။

**မေး ။ ။** ဦးတင့်လွင်ဆောက်ခဲ့တဲ့ သံလွင်တံတား(မော်လမြိုင်)နဲ့ ဒဂုံတံတား ဘယ်လိုကွာခြားပါသလဲ။

**ဖြေ ။ ။** ဆောက်လုပ်ရတဲ့ နည်းပညာတစ်မျိုးစီ ဖြစ်နေတဲ့အတွက် ခက်ခဲမှုတွေကို နှိုင်းယှဉ်လို့ မရပါဘူး။ ဒဂုံတံတား တည်ဆောက်ရာမှာ ရေမြေသဘာဝ အနေအထားများအရ အခက်အခဲများစွာနဲ့ ကြုံတွေ့ရင်ဆိုင်ကျော်လွှားခဲ့ရပါတယ်။

**မေး ။ ။** ဒဂုံတံတားကြီးရဲ့ တံတားကြမ်းခင်း နောက်ဆုံးလက်ကျန် ကွန်ကရစ်ကြမ်းခင်းကို ဘယ်နေ့မှာ အဆုံးသတ်ခဲ့ပါသလဲ။

**ဖြေ ။ ။** ၂၀၀၇ခုနှစ် ဇွန်လ ၁၆ရက်နေ့မှာ နောက်ဆုံးလက်ကျန် ကြမ်းခင်း ကွန်ကရစ်လောင်းမှု ပြီးစီးခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း လာရောက်ကြည့်ရှုအားပေးပြီး လုပ်ငန်းအားလုံး အချိန်မီပြီးစီးနိုင်ရန်အတွက် ပံ့ပိုးဖြည့်ဆည်းပေးခဲ့ပါတယ်။

**မေး ။ ။** တံတားလုပ်ငန်းအားလုံးကို ဘယ်လထဲမှာ အပြီးဆောင်ရွက်ခဲ့ပါသလဲ။

**ဖြေ ။ ။** တံတားလုပ်ငန်းအားလုံး ၂၀၀၇ခုနှစ် ဇူလိုင်လကုန်မှာ အောင်မြင်စွာပြီးစီးခဲ့ပါတယ်။

**မေး ။ ။** တံတားကြီးများတည်ဆောက်ရာမှာ အဓိကသတိထားရမယ့်အချက်တွေကို သိပါရစေ။

**ဖြေ ။ ။** တံတားတစ်ခု တည်ဆောက်မယ်ဆိုရင် အဓိကသတိထားရမှာက Quality Control လို့ ခေါ်တဲ့ စံချိန်စံညွှန်း ကောင်းဖို့လိုအပ်ပါတယ်။ အနီးကပ် ကြီးကြပ်ကွပ်ကဲမှုလည်း အဓိက သတိထားရမယ့်အချက်ဖြစ်ပါတယ်။ အနီးကပ် ကြီးကြပ်ကွပ်ကဲမှုရှိမှသာ အရေးကြီးတဲ့ဆုံးဖြတ်ချက်တွေကို အချိန်နှင့်တစ်ပြေးညီ ဆုံးဖြတ်နိုင်မှာဖြစ်ပါတယ်။

**မေး ။ ။** ဦးတင်ဝင်းအောင်ကို ဆက်ပြီးမေးပါရစေ။ ဒဂုံတံတားကြီး တည်ဆောက်ရေးစီမံကိန်းမှာ ဦးတင်ဝင်းအောင်က ဘယ်လိုတာဝန်တွေယူခဲ့ပါသလဲ။

**ဖြေ ။ ။** ကျွန်တော်က လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ရာထူးတာဝန်နဲ့ ဒဂုံတံတားသစ်ကြီး တည်ဆောက်ရေးတာဝန်ကို ဆောင်ရွက်ခဲ့တာပါ။ ကျွန်တော့် လုပ်သက် ၃၃နှစ်အတွင်းမှာ ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ရတဲ့ တံတားတစ်ခုပါပဲ။



**သံဆင်ခြင်းလုပ်ငန်း ပြီးဆုံးချိန်၌ ကွန်ကရစ်လောင်းနေစဉ်။**



**မေး ။ ။** ဒဂုံတံတားတည်ဆောက်ပုံအဆင့်ဆင့်မှာ ဘယ်အပိုင်းမှာ ပိုပြီးခက်ခဲခဲ့ပါသလဲ။

**ဖြေ ။ ။** ဒဂုံတံတားကြီးကို ၂၀၀၀ပြည့်နှစ် မေလ ၂ ရက်နေ့မှာ စတင် ပန္နက်တင်ပြီး တည်ဆောက်ခဲ့တာပါ။

**သံဆင်ခြင်း လုပ်ငန်း**

**ဒဂုံတံတားမှာ တစ်ခန်းမှာ ရက်... သုံးခဲ့ပါတယ်။ ပေအရှည် ၁၁၀ရှိတဲ့... လမ်းသွား ကုန်တင်ခံနိုင်အား များ... ဒဂုံတံတားက ကွန်ကရစ်တံတားတွေ... နိုင်ဝန်ယာဉ်တစ်စီး ၇၅တန်အထိ ခ... ကားကြီးတွေ ဖြတ်သန်းမှုအတွက်... တယ်။**

တည်ဆောက်မှုလုပ်...
ရေလယ်တိုင်တူးတဲ့အ...
များစွာနဲ့ ကြုံတွေ့ခဲ့...
နီးတဲ့အခြေအနေမျိုး...
ခဲ့ရပါတယ်။ မှတ်မှ...
တိုင် အမှတ် ၁၂နဲ့ ၁...
အန္တရာယ်အများဆုံး...
အဲဒီတိုင် နှစ်တိုင်ကို...
ပဲခူးမြစ်က ရေစီး...
၁၂နဲ့ ၁၃ တို့က ...
ဝဲထိုးခြင်းကို ခံနေ...

**မေး ။ ။** အခုတွေ့ရတဲ့ ဝဲအမှ... သလဲ။

**ဖြေ ။ ။** ကျွန်တော်တို့ ကြုံတွေ... အနားမှာ ရှိတာတွေ... တူးခဲ့တဲ့ တိုင်တွေက... တော့ တိုင်တူးတဲ့အခါ... တဲ့ လုပ်ငန်းတစ်ခု...

**မေး ။ ။** ဒီပဲခူးမြစ်ရဲ့ သဘာ...

**ဖြေ ။ ။** ဒဂုံတံတားတည်ဆော... ကုန်းက အစွယ်ထွက်...

တည်ဆောက်မှုလုပ်ငန်း အဆင့်ဆင့်ရှိတဲ့ အထဲမှာ ရေလယ်တိုင်တူးတဲ့အပိုင်းက အရေးကြီးပြီး အခက်အခဲများစွာနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အသက်အန္တရာယ်နဲ့ နီးတဲ့အခြေအနေမျိုးတွေကိုသတိထားပြီး ဆောင်ရွက်ခဲ့ရပါတယ်။ မှတ်မှတ်ရရပြောစရာရှိတာက ရေလယ်တိုင် အမှတ် ၁၂နဲ့ ၁၃ကို တူးရတာခက်ခဲမှုအရှိဆုံးနဲ့ အန္တရာယ်အများဆုံးပါ။ တခြားတိုင်တွေ တူးပြီးမှ အဲဒီတိုင် နှစ်တိုင်ကိုနောက်ဆုံးထားပြီး တူးခဲ့ရတာပါ။ ပဲခူးမြစ်က ရေစီးသန်ပါတယ်။ အဲဒီတိုင် အမှတ် ၁၂နဲ့ ၁၃ တို့က ဝဲအလယ် ရောက်နေတဲ့အတွက် ဝဲထိုးခြင်းကို ခံနေရလို့ ပိုပြီးခက်ခဲတာပါ။

**မေး ။ ။** အခုတွေ့ရတဲ့ ဝဲအမျိုးအစားက ဘယ်လိုဝဲမျိုးဖြစ်ပါသလဲ။

**ဖြေ ။ ။** ကျွန်တော်တို့ ကြုံတွေ့ခဲ့ရတဲ့ ဝဲက စုပ်ဝဲဖြစ်ပါတယ်။ အနားမှာ ရှိတာတွေ အကုန်စုပ်တဲ့ ဝဲပါ။ အရင်က တူးခဲ့တဲ့ တိုင်တွေက စွန့်ပစ်ပစ္စည်းတွေကိုပါ စုပ်ထားတော့ တိုင်တူးတဲ့အခါ အဲဒီအမှိုက်တွေကိုပါ ရှင်းထုတ်တဲ့ လုပ်ငန်းတစ်ခုက ပိုလာပါတယ်။

**မေး ။ ။** ဒီပဲခူးမြစ်ရဲ့ သဘာဝအခက်အခဲက ဘယ်လိုမျိုးလဲ။

**ဖြေ ။ ။** ဒဂုံတံတားတည်ဆောက်တဲ့ ကုလားဝဲရွာနားမှာ ကုန်းက အစွယ်ထွက်နေတော့ ရေက ကန့်လန့်ကြီး



အပိုင်း

နေ့မှာ

# နိုင်ငံတော်အစိုးရသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင်၊ တည်ငြိမ်အေးချမ်းအောင်၊ ပြည်သူများ စားဝတ်နေရေး အဆင်ပြေချောမွေ့အောင်၊ လူနေမှုအဆင့်အတန်း မြင့်မြင့်မားမား နေထိုင်နိုင်အောင်၊ စိတ်အေးချမ်းမြေ့လွယ်ကူစွာ ခရီးသွားလာနိုင်အောင်နှင့် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကုန်ထုတ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်း အဆင်ပြေချောမွေ့အောင် အမြဲမပြတ် သုံးသပ်လေ့လာ စီမံပြည့်ဆည်းပေးလျက်ရှိသည့်အတွက် ယခုအခါ နိုင်ငံတော်၌ ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မြင့်မားစွာ ရရှိခံစားနေကြရပြီ ဖြစ်သည်။

## ဒဂုံတံတားနှင့်စပ်လျဉ်း၍ သိမှတ်ဖွယ်ရာများ

| | |
|---|---|
| ၁။ တည်နေရာ | –ရန်ကုန်တိုင်းဒဂုံဆိပ်ကမ်းမြို့နယ်မှ သန်လျင်မြို့နယ်သို့ ပဲခူးမြစ်ကို ဖြတ်သန်းဖောက်လုပ်ထားသည်။ |
| ၂။ တံတားအမျိုးအစား | –၆လမ်းသွား သံကူကွန်ကရစ်တံတား<br>ရေလယ်တိုင် ၁၉ တိုင်<br>ရန်ကုန်ဘက်ချဉ်းကပ်လမ်း၁၃တိုင်<br>သန်လျင်ဘက်ချဉ်းကပ်လမ်း၁၅တိုင် |
| ၃။ တံတားအတွက်ကုန်ကျငွေ (ချဉ်းကပ်လမ်းများအပါအဝင်) | –ကျပ်ငွေသန်းပေါင်းနှစ်သောင်းကျော် (၂၀ဘီလီယံကျော်) |
| ၄။ တံတားအရှည် | –ပေ ၄၅၄၀ |
| ၅။ ယာဉ်သွားလမ်းအကျယ် | –၇၂ ပေ |
| ၆။ လူသွားလမ်းအကျယ် | –၆ ပေစီ |
| ၇။ ခွင့်ပြုတန်ချိန် | –၇၅တန်(ယာဉ်တစ်စီးချင်းအတွက်) |
| ၈။ တံတားအောက်ရေလမ်း ကင်းလွတ်နယ် | –အကျယ်ပေ ၁၃၀<br>အမြင့် ၁၈ပေ |
| ၉။ ရေလယ်တိုင်တည်ဆောက်မှု | –ရေလယ်တိုင် ၁၉တိုင်အတွက် မြေဝင်– ၁၀၅ ပေရှိ R.C.D ပိုင် ၃၉၈ လုံး၊ ပေ ၁၁၀ ရှည် ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မအချောင်း ၂၄၀ အသုံးပြုခဲ့။ |
| ၁၀။ စီမံကိန်းစတင်သည့်နေ့ | –၂–၅–၂၀၀၀ရက်နေ့ |

စီးနေတယ်။ အဲဒီ ကန့်လန့်စီးနေတဲ့အတွက် ကမ်းပါးမပြိုအောင်လည်း ကာကွယ်ရတယ်။ တူးပိုက်တွေ ရိုက်ရာမှာ ရေအကျဆုံးအချိန်၊ ရေငြိမ်တဲ့အချိန်ကိုစောင့်ရတယ်။ ရေငြိမ်တဲ့အချိန်က ၄၅ မိနစ်လောက်ပဲရှိတယ်။ အဲဒီအချိန်မှာ ရအောင်ရိုက်ရတာပဲ။ တူးပိုက်တစ်လုံးကို နှစ်ရက်အချိန်ယူပြီး ရိုက်ရပါတယ်။

**မေး ။ ။** အဲဒီတူးပိုက်တွေကို ဘယ်လိုရိုက်ရပါသလဲ။

**ဖြေ ။ ။** ရေထဲမှာ ငြမ်းဆင်ပြီး ရိုက်ရပါတယ်။ ပိုက်တွေကို သတိထားပြီး ကိုင်တွယ်ရတယ်။ မပျက်စီး၊ မဆုံးရှုံးအောင် ကာကွယ်ရတယ်။ ပိုက်တစ်လုံးကို သိန်း ၃၀ နီးပါး တန်ပါတယ်။

**မေး ။ ။** ဘိုးပိုင်နဲ့ R.C.D ပိုင်တွေကို ဘယ်လိုသုံးရပါသလဲ။

**ဖြေ ။ ။** ဘိုးပိုင်တွေကို ကုန်းပေါ်မှာ သုံးရပြီး R.C.D ပိုင်တွေကိုတော့ ရေထဲမှာ သုံးရတာပါ။ ဒဂုံတံတားမှာ ရေလယ်တိုင် ၁၉ တိုင်အတွက် မြေဝင် ၁၀၅ ပေရှိတဲ့ R.C.D ပိုင် ၃၉၈ လုံးနဲ့ ပေ ၁၁၀ အရှည်ရှိတဲ့ ကြိုတင်အားဖြည့် ကွန်ကရစ်ရက်မ အချောင်း ၂၄၀ တို့နဲ့ တည်ဆောက်ခဲ့တာပါ။

**မေး ။ ။** ဒဂုံတံတားကြီးမှာ ထူးခြားမှုတွေ ရှိပါသလား။

**ဖြေ ။ ။** ဒဂုံတံတားကြီးက ထူးခြားမှုရှိပါတယ်။ သံကူကွန်ကရစ် တံတားတွေထဲမှာ ခန်းဖွင့်အကျယ်ဆုံး ဖြစ်ပါတယ်။ ခန်းဖွင့် ၁၆၀ ရရှိအောင် ရေလယ်တိုင်ကို သံကူကွန်ကရစ် အစွန်းထွက်ရက်မလို့ခေါ်တဲ့ Cantilever နဲ့ တည်ဆောက်ခဲ့တာပါ။

**မေး ။ ။** ဒဂုံတံတားကြီးမှာ တိုင်ဘယ်နှစ်တိုင်ရှိပါသလဲ။

**ဖြေ ။ ။** ရေလယ်တိုင် ၁၉တိုင်အပါအဝင် သန်လျင်ဘက်ခြမ်းမှာ ချဉ်းကပ်တံတားအတွက် ၁၅ တိုင်နဲ့ အခန်း ၁၅ခန်း၊ ရန်ကုန်ဘက်ခြမ်းမှာ ချဉ်းကပ်တံတားအတွက် ၁၃ တိုင်နဲ့ အခန်း ၁၃ခန်း ပါရှိပါတယ်။

**မေး ။ ။** အဲဒီတိုင်တွေနဲ့အတူ ပေရှည်အတိအကျကို သိချင်ပါတယ်။

**ဖြေ ။ ။** ပင်မတံတားကြီးက အရှည်ပေ ၂၇၄၀ရှိပြီး သန်လျင်ဘက်ချဉ်းကပ်တံတားက အရှည်ပေ ၉၆၀၊ ရန်ကုန်ဘက်ချဉ်းကပ်တံတားက အရှည်ပေ ၈၄၀ ရှိပါတယ်။ တံတားကြီးရဲ့ စုစုပေါင်း အရှည်ပေက ၄၅၄၀ ဖြစ်ပါတယ်။

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ☆**

**သံဆင်ခြင်း လုပ်ငန်း**

P 12 **တွင် အစွန်းထွက်ရက်မ သံဆင်ခြင်း လုပ်ငန်း လုပ်ကိုင်နေပုံကို တွေ့မြင်ရစဉ်။**

**ပင်မတံတားကြီးပေါ်တွင်** Over lay **ကြမ်းခင်းကွန်ကရစ်လောင်းနိုင်ရန် သံဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်စဉ်။**



**...းမှာ တစ်ခန်းမှာ ရက်မ ၁၅ချောင်းနှုန်းနဲ့ ရက်မ ၂၄၀ ...။ ပေအရှည် ၁၁၀ရှိတဲ့ ရက်မတွေ ဖြစ်ပါတယ်။ ခြောက် ...ကုန်တင်ခံနိုင်အား များများရအောင် ဆောင်ရွက်တာပါ။ ... ကွန်ကရစ်တံတားတွေထဲမှာ အကြီးဆုံးဖြစ်သလို ကုန်တင်ခံ ...တစ်စီး ၇၅တန်အထိ ခွင့်ပြုထားတဲ့အတွက် ကွန်တိန်နာ ... ဖြတ်သန်းမှုအတွက် စိတ်အချရဆုံး တံတားကြီးဖြစ်ပါ**

☆ စာမျက်နှာ ၉ ဆောင်းပါးမှအဆက်

**မေး** ။ ။ အခုလို ဒဂုံတံတားကြီးကို တည်ဆောက်ခဲ့ရာမှာ ပါဝင်ခဲ့တဲ့ မျိုးဆက်သစ်အင်ဂျင်နီယာ လူငယ်လေးတွေရဲ့ အခန်းကဏ္ဍကိုလည်း သိပါရစေ။

**ဖြေ** ။ ။ **ကျွန်တော်တို့လည်း လက်ဆင့်ကမ်းပခုံးပြောင်း တာဝန်ယူလာခဲ့ကြရတာပါ။ ဘယ်နိုင်ငံခြားသား၊ ဘယ်ပညာရှင်ရဲ့ အကူအညီမှုမယူဘဲနဲ့ မြန်မာအင်ဂျင်နီယာတွေကိုယ်တိုင် တီထွင်မှုတွေနဲ့ တံတားကြီး ငယ်ပေါင်း မြောက်မြားစွာကို တည်ဆောက်လာခဲ့တာပါ။ မျိုးဆက်သစ်လူငယ်အင်ဂျင်နီယာလေးတွေလည်း တည်ဆောက်ရေးစီမံကိန်းမှာ ပါဝင်ကြပါတယ်။ သူတို့ကို ပညာအမွေပေးချင်တဲ့ ရည်ရွယ်ချက်နဲ့ ခေါ်ထားတာပါ။ သူတို့စိတ်ဝင်စားပါတယ်။ ကြိုးစားသင်ယူကြပါတယ်။**

**မေး** ။ ။ အငယ်တန်းအင်ဂျင်နီယာ ဦးစောတင်ဦးရဲ့ အတွေ့အကြုံကိုလည်း ပြောပြပါဦး။

**ဖြေ** ။ ။ ဟုတ်ကဲ့။ ကျွန်တော်က လုပ်သက် ၂၀ ကျော်ပါပြီ။ အလုပ်ဝင်တဲ့အချိန်က တံတားနဲ့စခဲ့တော့ တံတားနဲ့ပတ်သက်တဲ့ အတွေ့အကြုံအတော်များခဲ့ပါပြီ။ ပေ (၁၈၀) အောက် တံတားငယ်ပေါင်း ၄၀၀ကျော် တည်ဆောက်ရာမှာ ပါဝင်ခဲ့ပြီး ပေ (၁၈၀) အထက် တံတားကြီး ၂၀ရဲ့ တည်ဆောက်မှု အတွေ့အကြုံတွေ ရှိခဲ့ပါတယ်။

**မေး** ။ ။ ဒဂုံတံတားတည်ဆောက်ရေးနဲ့ ပတ်သက်ပြီး အတွေ့အကြုံတချို့ကို သိချင်ပါတယ်။

**ဖြေ** ။ ။ ဒဂုံတံတားက ခန်းဖွင့်ကျယ်ကျယ်လိုချင်တဲ့ တံတားအမျိုးအစားဖြစ်လို့ PC. GIRDER ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မတွေ သုံးရတယ်။ အဲဒါကို ကျွန်တော်တာဝန်ယူပြီး ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီမှာ ဆွဲနိုင်ဆန့်နိုင်တဲ့ ငါးမူးလုံးကြိုးတွေပါ သုံးရတော့ ချိန်ဆပြီးလုပ်ရပါတယ်။ ခံနိုင်ရည်ရှိအောင် ကြိုးတွေကို ကွန်ကရစ်လောင်းပြီးမှ ဆွဲရပါတယ်။

**မေး** ။ ။ ဒဂုံတံတားမှာ ရက်မ ဘယ်လောက်သုံးခဲ့ပါသလဲ။

**ဖြေ** ။ ။ **ဒဂုံတံတားမှာ တစ်ခန်းမှာ ရက်မ ၁၅ချောင်းနှုန်းနဲ့ ရက်မ ၂၄၀ သုံးခဲ့ပါတယ်။ ပေအရှည် ၁၁၀ရှိတဲ့ ရက်မတွေဖြစ်ပါတယ်။ ခြောက်လမ်းသွား ကုန်တင်ခံနိုင်အား များများရအောင် ဆောင်ရွက်တာပါ။ ကျွန်တော့်အတွေ့အကြုံနဲ့ ပြောရမယ်ဆိုရင်တော့ ဒဂုံတံတားက ကွန်ကရစ်တံတားတွေထဲမှာ အကြီးဆုံးဖြစ်သလို ကုန်တင်ခံနိုင်ဝန် ယာဉ်တစ်စီး ၇၅တန်အထိ ခွင့်ပြုထားတဲ့အတွက် ကွန်တိန်နာကားကြီးတွေ ဖြတ်သန်းမှုအတွက် စိတ်အချရဆုံး တံတားကြီးဖြစ်ပါတယ်။**

**မေး** ။ ။ မြန်မာအင်ဂျင်နီယာတွေ စွမ်းရည်နဲ့ ဒီလို တံတားကြီးတွေကို ပြည်ပ အကူအညီမပါဘဲ တည်ဆောက်နိုင်ခဲ့တဲ့အတွက် ဘယ်လိုခံစားရပါလဲ။

**ဖြေ** ။ ။ တိုင်းပြည်နဲ့ လူမျိုးအကျိုးအတွက် မျိုးချစ်စိတ်ကို အရင်းခံပြီး ဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ ဓိဋ္ဌာန်နဲ့ မြန်မာအင်ဂျင်နီယာတွေ ကြိုးပမ်းခဲ့တာပါ။ ကျွန်တော်လည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့ရတာကို ဂုဏ်ယူလို့ မဆုံးပါဘူး။

**မေး** ။ ။ ဒီလိုစွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့တဲ့အတွက် ဝန်ကြီးဌာနက ဘယ်လို အသိအမှတ်ပြုခဲ့ပါသလဲ။

**ဖြေ** ။ ။ ထူးချွန်ထက်မြက်တဲ့ မြန်မာအင်ဂျင်နီယာတွေကို ဝန်ကြီးဌာနက အသိအမှတ်ပြုတဲ့အနေနဲ့ ရာထူးတိုးပေးတာတို့၊ နိုင်ငံခြားကို ပညာသင်စေလွှတ်တာတို့၊ လေ့လာရေးခရီးစေလွှတ်တာတို့ရှိပါတယ်။

**မေး** ။ ။ ဦးစောတင်ဦးရဲ့ အနာဂတ်ရည်ရွယ်ချက်ကို သိပါရစေ။

**ဖြေ** ။ ။ တိုင်းပြည်နဲ့ လူမျိုးအတွက် အစွမ်းကုန်ကြိုးပမ်းပြီး တံတားကြီးတွေ ဆက်လက်တည်ဆောက်ချင်ပါသေးတယ်။ ပြည်သူတွေ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ဖို့အတွက် တံတားကြီးတွေက များစွာအထောက်အကူပြုပါတယ်။

တွေ့ဆုံမေးမြန်းပြီး အပြန်လမ်းတွင် တံတားကြီးတွေ မတည်ဆောက်ခင်က ရန်ကုန်မှ သန်လျင်သို့ သီတာ(၁)၊ (၂) ကို စီးပြီး ခရီးသွားခဲ့ရသော အခြေအနေ၊ အချိန်ကြန့်ကြာမှု၊ အန္တရာယ်ကြီးမှုများကို ပြန်လည်သတိရနေမိသည်။ **ယခင်က သန်လျင်နှင့် ရန်ကုန်ကူးသန်းရာတွင် တွေ့ကြုံရသော ဒုက္ခ၊ အခက်အခဲများစွာတို့သည် ယခုအခါ နိုင်ငံတော်၏ စေတနာ၊ နိုင်ငံတော်၏ အစီအစဉ်များကြောင့် ပျက်ပြယ်သွားရပြီ ဖြစ်သည်။ ရန်ကုန်မှ သန်လျင်၊ ကျောက်တန်း၊ ခရမ်း၊ သုံးခွဒေသများသို့ အရောက် ခရီးပေါက်မည့် တံတားကြီးနှစ်စင်းရှိနေပြီဖြစ်၍ မဝေးလှသော ကာလတွင် ဒေသဖွံ့ဖြိုးမှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များကို မြင်ယောင်ရင်း အပြန်ခရီးတွင် တက်ကြွသော အားမာန်များနှင့်အတူ ရွှင်လန်းဝမ်းမြောက်ကာ ပီတိတွေ ဝေဖြာနေမိပါတော့သည်။** ။




P 12တွင် နောက်ဆုံးအဆင့် ကွန်ကရစ်လောင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြစဉ်။

ရေလယ်တိုင် P 13 အစွန်းထွက်ရက်မ ကွန်ကရစ်လောင်းခြင်းလုပ်ငန်းကို (Pump Truck) နှစ်စီးဖြင့် ဆောင်ရွက်စဉ်။



## တစ်မူထူးခြား ဒဂုံတံတား

ဒဂုံတံတား ခြောက်လမ်းသွားမို့
ထူးခြားတင့်တယ် ကျယ်ကြီးကျယ်စွ
ဝင့်ထည်မှန်ပင် သန်လျင်ကျောက်တန်း
ခရမ်းသုံးခွ ဒေသပြည်သူ
ရှင်လူအများ စီးပွားကူးသန်း
တင့်လျှမ်းပညာ ကျန်းမာစေရေး
သာရေးနာရေး ဆက်သွယ်ရေးစ
အရေးစုံလင် ဆင်ပြေချောလျက်
တောင်ဘက်ဒဂုံ စက်မှုဇုန်ပါ
လှိုင်သာယာဟု စက်မှုမြို့တဖြာ
သာကေတဆီ အပြည်ပြည်ဆိုင်ရာ
ကုန်သေတ္တာဆိပ်ကမ်း ပွင့်လန်းမှန်ပင်
သန်လျင်ဘက်ဆီ သီလဝါမည်သား
အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းသာတို့
နှစ်ဖြာအကြား ထူးခြားမငြီး
ဆယ့်နှစ်ဘီးတပ် ဆယ်ဘီးတပ်ဟု
ကြီးလတ်မှန်ပင် ကုန်တင်ယာဉ်များ
ပျားပန်းခပ်မျှ သွားနိုင်ကြမည်
ဒေသဖွံ့ဖြိုး အမျိုးမျိုးလျှင်
တိုးတက်ဆပွား လွန်မြင့်မား၍
စီးပွားဧကန် ဖြစ်ခြိမ့်မည်။ ။

ဒေါက်တာသန်းဦး

## ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၃၀**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEPI ရေနံကုမ္ပဏီသည် ဧရာဝတီတိုင်း မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-3, M-4, M-7, M-9 နှင့် M-11 တို့တွင် 2D Seismic Survey လိုင်းကီလိုမီတာ၇၀၀၀ခန့် တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် Zephyr(1)နှင့် အထောက်အကူပြု ရေယာဉ်နှစ်စင်းတို့ဖြင့် ၂၀၀၇ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၂၀၀၈ ခုနှစ် ဧပြီ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

2D Seismic Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်မည့်ဧရိယာတည်နေရာအကျယ်အဝန်းမှာ လုပ်ကွက်အမှတ် M-9နှင့် M-11 တို့တွင် Point A မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၅ မိနစ် ၄၆ ဒသမ ၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၂ မိနစ် ၁၇ ဒသမ ၄ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၅ မိနစ် ၅၉ ဒသမ ၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် ၂၇ ဒသမ ၆ စက္ကန့်၊Point C မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၇ မိနစ် ၃၈ ဒသမ ၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် ၂၅ ဒသမ ၅ စက္ကန့်၊Point D မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၇ မိနစ် ၃၇ ဒသမ ၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၄ မိနစ် ၃၈ ဒသမ ၄ စက္ကန့်၊ Point E မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ် ၅၆ ဒသမ ၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၄၂ မိနစ် ၃၆ ဒသမ ၇ စက္ကန့်အတွင်းတွင်လည်းကောင်း၊ လုပ်ကွက်အမှတ် M-3, M-4နှင့် M-7 တို့တွင် Point A မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၁ မိနစ် ၅၃ ဒသမ ၄ စက္ကန့်၊အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၂၉ ဒသမ ၇ စက္ကန့်၊ Point B မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၁ မိနစ် ၅၃ ဒသမ ၄ စက္ကန့်၊အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၇ မိနစ် ၂၆ ဒသမ ၅ စက္ကန့်၊ Point C မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၆ မိနစ် ၀၉ ဒသမ ၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၇ မိနစ် ၂၆ ဒသမ ၅ စက္ကန့်၊Point D မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၅၆ မိနစ် ၀၉ ဒသမ ၃ စက္ကန့်၊အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၂ မိနစ် ၂၉ ဒသမ ၇ စက္ကန့်တို့အတွင်းတွင် ဖြစ်သည်။

ထို့ကြောင့် ဧရာဝတီတိုင်း မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-3, M-4, M-7, M-9နှင့် M-11တို့တွင် တိုင်းတာရေးရေယာဉ် Zephyr (1) ဖြင့် 2D Seismic Survey တိုင်းတာရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက်(Notice to Mariner's ) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ Fishing Houses, Fishing Boats နှင့် Fishing Nets စသည့် ငါးဖမ်းကိရိယာများချထားခြင်းနှင့် ငါးဖမ်းဆီးခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သောဆန္ဒပြသွေးထိုး လှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟုခံယူ စစ်ကိုင်းတိုင်း၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့၌ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲပြုလုပ်

နေပြည်တော် အောက်တိုဘာ ၂၀

**နိုင်ငံတော်၌ဖြစ်ပေါ်ခဲ့သော သံဃာအချို့နှင့် NLD ပါတီဝင်တို့၏ ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသောကြောင့် စစ်ကိုင်းတိုင်း ခန္တီးမြို့၊ ကရင်ပြည်နယ် ဘားအံမြို့၊ လှိုင်းဘွဲ့မြို့၊ ကချင်ပြည်နယ် ဝိုင်းမော်မြို့၊ ဆင်ဘိုမြို့၊ ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တို့မှ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို လိုလားသူများက အောက်တိုဘာ ၂၂ ရက်၊ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၉ ရက်တို့တွင် ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ၎င်းတို့အား ဆန့်ကျင်သော ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချပွဲများ ပြုလုပ်ခဲ့ကြသည်။**

စစ်ကိုင်းတိုင်း ခန္တီးမြို့ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချပွဲသို့ ခန္တီးမြို့ မြို့ပေါ် သုံးရပ်ကွက်၊ အနီးဝန်းကျင် ကျေးရွာအုပ်စု နှစ်အုပ်စုတို့မှ ပြည်သူအင်အား ၇၀၀၀ ခန့်သည် အောက်တိုဘာ ၂၂ ရက် နံနက် ၇ နာရီတွင် ခန္တီးမြို့ ပြည်သူ့အားကစားကွင်းမှ မြတ်လေးလမ်း၊ အောင်ဇေယျလမ်း၊ ခတ္တာလမ်း၊ ဗိုလ်ချုပ်လမ်း၊ မြတ်လေးလမ်း၊ ကမ်းနားလမ်း၊ မြို့ပတ်လမ်း၊ ဗိုလ်ချုပ်လမ်း၊ ဈေးလမ်း၊ ဘုရင့်နောင်လမ်းအတိုင်း လှည့်လည်၍ ဆူပူအကြမ်းဖက်သမားများ အလိုမရှိ၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ အလိုမရှိ စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ ဆူပူမှုကို မလိုလား၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်၊ ရှေ့လုပ်ငန်းစဉ် (၇)ရပ် အောင်ရမည်၊ အမျိုးသားညီလာခံကို ထောက်ခံသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကြိုဆိုသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။



**နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုး လှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့် အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ခန္တီးမြို့၌ ပြည်သူ့ဆန္ဒဖော်ထုတ်ရှုတ်ချကြစဉ်။** (သတင်းစဉ်)

## ဆန္ဒဖော်ထုတ်

ထို့ပြင် ကရင်ပြည်နယ် ဘားအံမြို့မှ ပြည်သူအင်အား ၂၅၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၄ ရက်၊ လှိုင်းဘွဲ့မြို့မှ ပြည်သူအင်အား ၂၀၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၄ ရက်နှင့် မြဝတီမြို့မှ ပြည်သူအင်အား ၂၁၀၀၀ ကျော်တို့သည် အောက်တိုဘာ၂၅ရက်တို့တွင် သက်ဆိုင်ရာ မြို့များအတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည်စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး နိုင်ငံတော်အလံများကို ကိုင်ဆောင်ကာ တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဆူပူအကြမ်းဖက်မှုကို မလိုလား၊ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ကြိုဆိုသည်၊ သူ့ကျွန်မခံပါ၊ ပြည်တွင်း၊ ပြည်ပ အဖျက်သမားရန် ဒို့တွန်းလှန်စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ကချင်ပြည်နယ် ဝိုင်းမော်မြို့မှ ပြည်သူအင်အား ၂၀၀၀၀ ကျော်နှင့် ဆင်ဘိုမြို့မှ ပြည်သူအင်အား ၃၀၀၀ ကျော်တို့သည် အောက်တိုဘာ ၂၅ ရက်တွင် သက်ဆိုင်ရာ မြို့များအတွင်း လှည့်လည်ကာ ဒို့တာဝန်အရေးသုံးပါး၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်ရမည် စသည့် ကြွေးကြော်သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြပြီး တည်ငြိမ်မှုကို လိုလားသည်၊ အေးချမ်းမှုကို လိုလားသည်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး ကော်မရှင်ကို ကြိုဆိုသည်၊ အမေရိကန်၏ စီးပွားရေးပိတ်ဆို့မှုကြောင့် ကုန်ဈေးနှုန်းကြီးရသည်၊ အမေရိကန်၏ မြန်မာ့အရေး ဝင်ရောက်စွက်ဖက်မှု မှန်သမျှ ရပ်တန်းကရပ် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

အလားတူ ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ်မှပြည်သူအင်အား ၁၀၀၀၀ ကျော်၊ ပန်းဘဲတန်းမြို့နယ်မှ ပြည်သူအင်အား ၅၀၀၀ကျော်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မှ ပြည်သူအင်အား ၁၀၀၀၀ ကျော်၊ မြောက်ဥက္ကလာပမြို့နယ်မှ ပြည်သူအင်အား ၁၅၀၀၀ ခန့်နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ပြည်သူ အင်အား ၁၀၀၀၀ ကျော်တို့သည် အောက်တိုဘာ၂၉ ရက် နံနက်ပိုင်းက သက်ဆိုင်ရာမြို့နယ်များအတွင်း လှည့်လည်၍ ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်ရမည်စသည့် ကြွေးကြော် သံများကို သံပြိုင်ညီညာ ကြွေးကြော်ကြ ပြီး BBC , VOA, RFA လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံး သတိထား၊ BBC ညာနေသည်၊ VOA လိမ်နေသည်၊ RFA ရန်တိုက်ပေးနေသည် စသည့် ဆိုင်းဘုတ်များကို ကိုင်ဆောင်၍ ဆန္ဒဖော်ထုတ်ခဲ့ကြသည်။ (သတင်းစဉ်)




**နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုး လှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။** (သတင်းစဉ်)




**နိုင်ငံတော်၌ ဖြစ်ပေါ်ခဲ့သော ဆန္ဒပြသွေးထိုးလှုံ့ဆော်မှုများသည် ပြည်သူလူထု၏ အေးချမ်းသာယာမှုကို နှောင့်ယှက်ဖျက်ဆီးသည်ဟု ခံယူသဖြင့် တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများက ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ ခွင့်တောင်းပြီး လှိုင်းဘွဲ့မြို့၌ ပြည်သူ့ဆန္ဒ ဖော်ထုတ်ရှုတ်ချကြစဉ်။**

(သတင်းစဉ်)



## ဂုဏ်ပြုလွှာပေးအပ်

**ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ် တင်လှူပူဇော်ရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် ၇ လမ်းနေ ဦးလှဘန်း–ဒေါ်ဦးခင် မိသားစု (အောင်ကျော်စည်–လျှပ်စစ်နှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)မှ ငွေကျပ် ၁၁၁၆၉၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးစိန်ဦးနှင့် ဦးသိန်းဦးတို့ လက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။**

(က–ပ)



**ရန်ကုန်မြို့ အင်းစိန်မြို့နယ် အင်းစိန်ဘူတာရုံလမ်းနေ ဦးဟန်ထွန်း–ဒေါ်ရှိန်းရှိန်း မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကဓရ တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန) လက်ထောက်အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

# အရှေ့တောင်အာရှပြိုင်ပွဲ အကြိုလက်ဝှေ့ပြိုင်ပွဲ မြန်မာအားကစားအဖွဲ့ ယှဉ်ပြိုင်ရန် ထိုင်းသို့ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၃၀

**ထိုင်းနိုင်ငံတွင် နိုဝင်ဘာ ၂ရက်မှ ၆ရက်အထိကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အကြိုလက်ဝှေ့ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်ခေါင်းဆောင်သည့် မြန်မာလက်ဝှေ့အဖွဲ့သည် ယနေ့နံနက် ၇နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်နှင့်အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။** (အောက်ပုံ)

မြန်မာလက်ဝှေ့အဖွဲ့တွင် အဖွဲ့ ခေါင်းဆောင်အဖြစ် ဦးဝင်းမြင့်(ဥက္ကဋ္ဌ)၊ လက်ဝှေ့အဖွဲ့ချုပ်၊ အုပ်ချုပ်သူနည်းပြ အဖြစ် ဦးစန်းမြင့်၊ အမျိုးသမီး အုပ်ချုပ်သူအဖြစ် ဒေါ်မြတ်သက်မွန်၊ နည်းပြဆရာများအဖြစ် ဦးစိုးစိုး၊ ဦးမြင့်ထွန်း၊ ဒိုင်လူကြီးများအဖြစ် ဦးကျော်စိုးနှင့် ဦးကျော်မင်း၊ အားကစား သမားများအဖြစ် အမျိုးသား စိုးရာဇာ၊ သန်းထိုက်၊ စိုးစိုးမြတ်၊ မိုးမင်း၊ ဝေဖြိုး ထွန်း၊ အမျိုးသမီး သန်းသန်းလှိုင်၊ နှင်းမို့မို့နိုင်၊ နှင်းအိဆွေနှင့်ချောစုအေး စုစုပေါင်း ၁၆ဦးလိုက်ပါ သွားကြသည်။

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြို လက်ဝှေ့ပြိုင်ပွဲမှာ ပထမ ဆုံးအကြိမ် ကျင်းပသောပြိုင်ပွဲဖြစ်ပြီး အိမ်ရှင်ထိုင်း၊ မလေးရှား၊ မြန်မာ၊ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယား ခြောက်နိုင်ငံတို့ ပါဝင်ယှဉ်ပြိုင်ကြ မည်ဖြစ်သည်။ (ကြေးမုံ)



## အိန္ဒိယနိုင်ငံဗုဒ္ဓဂယာမဟာအောင်မြေကျောင်း၌ ကထိန်သင်္ကန်းဆက်ကပ်မည်

**ရန်ကုန် အောက်တိုဘာ ၃၀**

အိန္ဒိယနိုင်ငံဘီဟာပြည်နယ် ဗုဒ္ဓဂယာ ဗုဒ္ဓဘုရားပွင့်တော်မူရာ သံဝေဇနိယ လေးဌာန သတ္တ(၇)ဌာနဖြစ်ပေါ်ရာ ဇောဓိပင်နှင့် ရွှေပလ္လင်အနီးမဟာအောင်မြေ ဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တ သုန္ဒရနှင့် ဝါဆိုသံဃာတော်များအား ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်၍ ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်း များ ပါဝင်လှူဒါန်းလိုသူများနှင့် လိုက်ပါလိုသူများသည် ဒေါ်မြစန္ဒာအောင် (ဂန္ဓဝင်ရွှေပုဂံ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့) (ဖုန်း-၅၁၀၄၉၁ နှင့် ၀၉-၅၁၀၄၈၅၉) အမှတ်(၁၀) မြေညီထပ်မဂ်လာလမ်း စမ်းချောင်းမြို့နယ်ထံ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ဓာတုနှင့် ကုန်ထုတ်ဓာတုဘွဲ့ရ ကျောင်းသားများ ဒုတိယအကြိမ်မြောက်မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

၁၉၇၄-၇၈ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဓာတုဗေဒ၊ ကုန်ထုတ် ဓာတုဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ပါဝင်လှူဒါန်း လိုပါက ဦးလှသိန်း ဖုန်း-၀၉၅၀၁၃၄၆၉၊ ၀၁-၂၂၄၄၀၀၊ ဦးကျော်မိုးစိန် ဖုန်း- ၀၉၉၉၂၅၆၀၃၊ ၀၁-၂၅၀၃၄၇ ၀၁-၆၅၀၅၇၉၊ ဦးထွဋ်ထွဋ် ဖုန်း-၀၉၈၀၂၁၃၄၀၊ ၂၉၃၃၆၆၊ ဒေါ်နွေနွေအောင် ဖုန်း-၀၉၅၁၁၃၂၄၃၊ ၂၂၅၅၀၂၊ ဒေါ်တင်တင်ဝင်း ဖုန်း-၀၉-၉၉၂၃၂၄၇၊ ဒေါ်မေအေးမြင့် ဖုန်း-၀၉၅၁၄၆၄၄၇ နှင့် ဒေါ်အေးအေးချစ် ဖုန်း-၀၁-၇၀၇၂၆၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၃၁-၁၀-၂၀၀၇ (ဗုဒ္ဓဟူးနေ့)**

**AM & PM**

| | |
|---|---|
| ၇း၀၀-၁း၀၀ | MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅-၁း၀၅ | "တဏှာသတ်၍ကံပြတ်တဲ့တရားတော်" (ဆရာတော်အရှင်ဉာဏောဘာသ)(ရေနံ့သာကျောင်းတိုက်) |
| ၈း၀၅-၂း၀၅ | ဂုဏ်ယူစရာမြန်မာ့လက်မှုပန်းပုပညာ |
| ၈း၁၅-၂း၁၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၈း၄၀-၂း၄၀ | တိုင်းရင်းဆေးပညာဦးစီးဌာနအကြောင်းသိကောင်းစရာ |
| ၉း၁၀-၃း၁၀ | တေးဂီတအစီအစဉ် |
| ၉း၁၅-၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅-၃း၂၅ | Midweek Sport, News |
| ၉း၄၀-၃း၄၀ | တေးဂီတအစီအစဉ် |
| ၉း၄၅-၃း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၀-၃း၅၀ | ပြည်တွင်းအခွန်များဦးစီးဌာနအကြောင်းသိကောင်းစရာ (အောင်ဘာလေသိန်းဆုခွန်) |
| ၁၀း၂၀-၄း၂၀ | တေးဂီတအစီအစဉ် |
| ၁၀း၂၅-၄း၂၅ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၃၀-၄း၃၀ | ရွေးချယ်အစုံစုံရင်သွေးရိပ်မြုံ "ES4E" LANGUAGE AND TRAINING CENTRE |
| ၁၁း၀၀-၅း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၀-၅း၁၀ | ဂမုန်းရေလှောင်တမံ |
| ၁၁း၂၀-၅း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅-၅း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၃၅-၅း၃၅ | Fashion Guide(ရုပ်ရှင်သရုပ်ဆောင်ဒေါ်တင်တင်လှနှင့်တွေ့ဆုံခြင်း) |
| ၁၁း၅၅-၅း၅၅ | တေးဂီတအစီအစဉ် |
| ၁၂း၀၀-၆း၀၀ | စကားပြောသောရွှေရောင်လက်များ |
| ၁၂း၂၀-၆း၂၀ | တေးဂီတအစီအစဉ် |
| ၁၂း၂၅-၆း၂၅ | International video Topics (ဧဝရတ်တောင်မှစွန့်စားသူများ) |
| ၁း၀၀-၇း၀၀ | MRTV-4 အပိတ် Logo |

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

**Series-A ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | Roma-Lazio | 5-Cartoon(Live) |

## မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း "စွမ်းအင်နှင့်ပြန်ပြည့်မြဲစွမ်းအင်ကော်မတီ" က ကြီးမှူးကျင်းပမည့် စွမ်းအင်နှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ (၃/၂၀၀၇) စာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room မြေညီထပ် တက္ကသိုလ်များ(လှိုင်နယ်မြေ) လှိုင်မြို့နယ်၌ နိုဝင်ဘာ ၃ရက်(စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲတွင် စာတမ်းရှင် Energy Planning Department မှ Director ဦးထင်အောင်က Development in Oil & Gas Sector-Update စာတမ်းခေါင်းစဉ်ကိုလည်းကောင်း၊ United Engineering Group of Companies မှ Chairman ဦးဝင်းခိုင်က Why the increase in Oil Prices စာတမ်းခေါင်းစဉ်ကိုလည်းကောင်း အသီးသီးဖတ်ကြားမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ တက္ကသိုလ်များ(လှိုင်နယ်မြေ) လှိုင်မြို့နယ်သို့ တက်ရောက်နိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

## အချိန်အခါမဟုတ် မိုးရွာမည်

**နေပြည်တော် အောက်တိုဘာ ၃၀**

ယနေ့နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းရရှိသည်။ (သတင်းစဉ်)


**သားသမီးအပေါ် မေတ္တာထား ပိုလီယိုကာကွယ်ဆေးဖြင့် ရောဂါတား**

**"အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ၂၀၀၇"**

**၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ (၃)ရက် (စနေနေ့) (ပထမအကြိမ်)**

**၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက် (တနင်္ဂနွေနေ့) (ဒုတိယအကြိမ်)**

**အသက် ၅ နှစ်အောက် ကလေးငယ်များအားလုံး ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးကြစို့**


## ကျေးလက် စက်ရေတွင်းများ စစ်ဆေး

**အရာတော် အောက်တိုဘာ ၁၀**

အရာတော်မြို့နယ်ရှိ ကျေးလက်စက်ရေတွင်းများ ပုံမှန်လည်ပတ်၍သုံးစွဲနိုင်မှု ရှိ-မရှိကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် လက်ထောက်အင်ဂျင်နီယာ(စက်မှု)ဦးဇော်လင်း ခေါင်းဆောင်ပြီး အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသင်းအောင်တို့လိုက်ပါကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (မြို့နယ်စည်ပင်)

**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကမ္ဘာ့တိုက်ကြီးများအလိုက် အလှည့်ကျ ကျင်းပသည့်စနစ် ဖီဖာဖျက်သိမ်း

**ဇူးရစ် အောက်တိုဘာ ၃၀**

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများကို လက်ခံကျင်းပရာတွင် ကမ္ဘာ့တိုက်ကြီး ခြောက်တိုက်ရှိ ဘောလုံးအဖွဲ့ချုပ်များက အလှည့်ကျ တာဝန်ယူသည့်စနစ်ကို အဆုံးသတ်ရန် ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် (ဖီဖာ)အလုပ်အမှုဆောင်ကော်မတီက တစ်ခဲနက် မဲပေးကာ ဆုံးဖြတ်လိုက်ကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲမှစတင်ကာ ကမ္ဘာ့တိုက်ကြီးများက အလှည့်ကျ တာဝန်ယူသည့်စနစ်ကို ဖျက်သိမ်းမည်ဖြစ်ကြောင်း အလုပ်အမှုဆောင် ကော်မတီ ဒုတိယဥက္ကဋ္ဌ ချန်မွန်ကျွမ်းက သတင်းထောက်များအား ပြောကြားသည်။

အနာဂတ်ကာလတွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် နိုင်ငံအလိုက်တည်ရှိသည့် ဘောလုံးအဖွဲ့ချုပ်များက အဆိုပြုနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က ၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရေးအတွက် အဆိုပြုမည်ဖြစ်ကြောင်း ဖီဖာ ဒုတိယဥက္ကဋ္ဌ ဂျက်ဖ်သော်မဆင် (အင်္ဂလန်)ကပြောကြားသည်။

***အမ်အင်အေ၊ရိုက်တာ။***

## ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ဘော်လ်တန်နှင့်ဗီလာ သရေကျ

**လန်ဒန် အောက်တိုဘာ ၃၀**

တနင်္လာနေ့က ကျင်းပသည့် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၁)တွင် ဘော်လ်တန်အသင်းနှင့် အက်စ်တွန်ဗီလာ အသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။

ပထမပိုင်းတွင် နီကိုလပ်စ် အနယ်လ်ကာက ဖရီးကစ်ကန်သွင်းရာ ဂိုးရရှိသဖြင့် ဘော်လ်တန်အသင်းမှာ ဦးဆောင်ကစားနိုင်ခဲ့သည်။ သို့ရာတွင် ဒုတိယပိုင်း စတင်အပြီး ခုနစ်မိနစ်အကြာတွင် ဂါဘရီယယ်အက်ဘွန်လာဟာ ဖြတ်ပို့ပေးသော ဘောလုံးမှတစ်ဆင့် လုခ်မိုးက ချေပဂိုးသွင်းယူခဲ့သည်။

ဘော်လ်တန်အသင်း၏ နည်းပြသစ်မှာ ဂါရီမက်ဆင်ဖြစ်ပြီး ၎င်းသည် အောက်တိုဘာ ၂၄ရက်က နည်းပြ ဆမ်မီလီး၏နေရာသို့ အစားဝင်ရောက်လာခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***

## အာဆင်နယ်နှင့် လီဗာပူး တစ်ဖက်တစ်ဂိုးစီဖြင့်သရေကျ

**လန်ဒန် အောက်တိုဘာ ၃၀**

အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၁)ကို တနင်္ဂနွေနေ့က ဆက်လက်ကျင်းပသည်။

အန်းဖီးလ်ကွင်းတွင် အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့ကြသည်။ အာဆင်နယ်အသင်းသည် ယင်းပွဲအပြီးတွင် ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲ အမှတ်ပေးဇယား၌ ပထမနေရာသို့ ပြန်လည်ရောက်ရှိလာသည်။

ပွဲချိန် ၇မိနစ်တွင် စတီဗင်ဂျရတ်က ဖရီးကစ်မှတစ်ဆင့် ဂိုးသွင်းနိုင်ခဲ့သော်လည်း ပွဲပြီးဆုံးရန် ၁၀မိနစ်အလိုတွင် ဆက်ဖာဘရီဂက်စ်က ချေပဂိုးသွင်းနိုင်ကာ အာဆင်နယ်အသင်း ရှုံးနိမ့်ရမည့်အရေးမှ ရှောင်ရှားနိုင်ခဲ့သည်။

အာဆင်နယ်အသင်းသည် ၁၀ပွဲကစားပြီး မှ ၂၆မှတ်ရရှိသည်။ ချန်ပီယံ မန်ချက်စတာယူနိုက်တက် အသင်းမှာမူ ၁၁ပွဲကစားပြီး ၂၆မှတ် ရရှိထားသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC
★ RFA VOA BBC အဖျက်သမားများ သတိထား
★ RFA VOA နှင့် BBC
လေလှိုင်းပေါ်က လူသတ်သမားများ
ပြည်သူအားလုံး သတိထား

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်
☆ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

## အကြမ်းဖက်ဆူပူမှုကြောင့် မည်သူတွေအကျိုးရှိပြီး မည်သူတွေအကျိုးမဲ့သနည်း

☆ **အကြမ်းဖက်ဆူပူမှုကြောင့် –**

အေးချမ်းစွာနေလိုသည့် ပြည်သူများ စိုးရိမ်ပူပန်နေရသည်။
ကျောင်းသား ကျောင်းသူများ၏ပညာရေး နှောင့်နှေးကြရသည်။
ကုန်စည်စီးဆင်းမှုများ နှောင့်နှေးခဲ့ရသည်။
လမ်းဘေးဈေးသည်များ အရောင်းအဝယ်ပျက်ကြရသည်။
ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ နှောင့်နှေးကြန့်ကြာရသည်။

☆ **အကြမ်းဖက်ဆူပူမှုကြောင့် –**

အမှန်တကယ်အကျိုးရှိသူများမှာ ကိုလိုနီနယ်ချဲ့ ငပွကြီးများသာ ဖြစ်သည်။
သွေးထိုးလှုံ့ဆော်သူများ တိတ်တိတ်ပုန်း ဒေါ်လာများ ရနေသည်။
ပြည်ပြေးများ၊ ပုဆိန်ရိုးများသာ ကောင်းစားကြသည်။
နယ်ချဲ့အလိုတော်ရိများသာ ဒေါ်လာဆုကြေးများ ရနေကြသည်။